



# မြန်မာနိုင်ငံရှိ မြို့ပြများတွင် ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း စည်ပင်သာယာရေးအဖွဲ့များနှင့် စည်ပင်ဌာနများ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း


မိုက်ကယ်ဝင်းတားနှင့် မြနန္ဒာသင်း



မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်- ဒီဇင်ဘာ ၂၀၁၆



The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံတွင် မြို့ပြနယ်မြေများ၌ အများပြည်သူ လိုအပ်ချက်နှင့် ဝန်ဆောင်မှုများပေးခြင်း စည်ပင်သာယာရေးအဖွဲ့များနှင့် ဌာနများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း

မိုက်ကယ်ဝင်းတားနှင့် မြနန္ဒာသင်း

ဒီဇင်ဘာ ၂၀၁၆

ယခုမူဝါဒရေးရာ ဆွေးနွေးချက် စာတမ်းငယ်သည် မူလအစီရင်ခံစာဖြစ်သည့် "မြန်မာနိုင်ငံရှိ မြို့ပြများတွင် ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း စည်ပင်သာယာရေးအဖွဲ့များနှင့် စည်ပင်ဌာနများ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း" အနှစ်ချုပ်ဖြစ်သည်။
မူရင်းသုတေသနစာစောင်ကို ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။
http://www.asiafoundation.org
ရည်ညွှန်းကိုးကား - မိုက်ကယ်ဝင်းတားနှင့် မြနန္ဒာသင်း (ဒီဇင်ဘာ ၂၀၁၆) ၏ မြန်မာနိုင်ငံရှိမြို့ပြများတွင် ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း စည်ပင်သာယာရေးအဖွဲ့များနှင့် စည်ပင်ဌာနများ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း
ရန်ကုန်၊ အာရှဖောင်ဒေးရှင်း

## အပိုင်းတစ်။ ။ မိတ်ဆက်

ဤအစီရင်ခံစာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးအဖွဲ့များ၏ စီမံကိန်းနှင့် ဘတ်ဂျက်(ရသုံးမှန်းခြေငွေစာရင်း) ရေးဆွဲခြင်းနည်းလမ်းများအပေါ် လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များအား အကျဉ်းချုပ်ဖော်ပြထားသည်။

စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးမူဘောင်နှင့် အဖွဲ့အစည်း (အင်စတီကျူးရှင်း)ဆိုင်ရာ ခြုံငုံသုံးသပ်ချက်များအပြင်၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းစသည့် လက်တွေ့လုပ်ငန်းစဉ်များနှင့် ၎င်းတို့၏ ရလဒ်များကိုပါ ထည့်သွင်းလေ့လာထားပါသည်။

ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များ၏ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့နှင့်ပတ်သက်ပြီး အဓိကကျသော ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရများက မည်သို့ဖြေရှင်းနိုင်မည်၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးမိတ်ဖက်များက သင့်လျော်သောအကူအညီများကို မည်သို့ပေးနိုင်မည် အစရှိသည့် ကျယ်ပြန့်သော အကြံပြုချက်များလည်း ဤအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါသည်။

## အပိုင်းနှစ်။ ။ မြို့ပြဖွံ့ဖြိုးလာမှုနှင့် မြို့ပြနယ်မြေများအပေါ် မြန်မာနိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာအနေဖြင့် တုန့်ပြန်ဆောင်ရွက်ပုံ - စည်ပင်သာယာရေးအဖွဲ့များ

အခြားတိုင်းပြည်များစွာနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ မြို့ပြအုပ်ချုပ်မှုသည် ပုံစံတကျမရှိဘဲ၊ တစ်နေရာနှင့်တစ်နေရာ မတူညီသည်မှာ တိုင်းပြည်၏ ထူးခြားသော နိုင်ငံရေးဆိုင်ရာ အုပ်ချုပ်မှုသမိုင်းကြောင်းများအရဆိုလျှင် အံ့ဩစရာမဟုတ်ပေ။ မြန်မာနိုင်ငံသည် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးခေတ်နှောင်းပိုင်းတစ်လျှောက် မြူနီစီပယ်အစိုးရအုပ်ချုပ်မှုစနစ် အတွေ့အကြုံများရှိခဲ့ပြီး၊ မူဝါဒချမှတ်သူများနှင့် နိုင်ငံသားအများစုမှာ မြို့ပြအစိုးရများ၊ ကိုယ်ပိုင်စနစ်ဖြင့်အုပ်ချုပ်သော မြို့များနှင့် ပတ်သက်သည့် သဘောတရားများကို ရင်းနှီးပြီးဖြစ်သည်။ သို့ရာတွင် မြို့တော်စည်ပင်သာယာရေးကော်မတီများ ရှိနှင့်ပြီးဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့တော်များ၌ပင်လျှင် မြို့ပြဧရိယာများကို စီမံကွပ်ကဲရာ၌ အခက်အခဲများရှိနေဆဲပင်ဖြစ်သည်။

ပြည်ထောင်စုအဆင့်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ၊ မြို့ပြ/မြို့ စီမံကိန်းများနှင့် မြို့ပြဆိုင်ရာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်လျှက်ရှိသည်။ အဆိုပါဌာနသည် အောက်အဆင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ရုံးများရှိပြီး မြို့ပြနှင့် ဒေသဆိုင်ရာ စီမံကိန်းရေးဆွဲ ဥပဒေမူကြမ်းတစ်ခုအား ပြန်လည်ရေးဆွဲနေသည်။ အထွေထွေအုပ်ချုပ်မှုရေးဦးစီးဌာန၊ မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၏ ထူးခြားသော အခန်းကဏ္ဍများ၊ မြေယာစီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုများကဲ့သို့၊ အခြားသော ပြည်ထောင်စုအဆင့် အေဂျင်စီများသည်လည်း မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်သည်ဟု ထင်မြင်ယူဆရသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် မြို့တော်များနှင့် မြို့များ၌ နေ့စဉ်ဆောင်ရွက်ရမည့် စည်ပင်ဆိုင်ရာ ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းမှုနှင့် ဝန်ဆောင်မှုပေးခြင်းများအတွက် စည်ပင်သာယာ "စနစ်များ" သည် တာဝန်ကြီးစွာ ယူထားရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် စည်ပင်သာယာရေးကိစ္စရပ်များအား စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရန် တာဝန်ရှိပြီး - (၎င်းပုံစံအား အခြားနိုင်ငံများတွင် စည်ပင်သာယာရေးအစိုးရ(မြူနီစီပယ်အစိုးရ) ဟု သုံးနှုန်းသည်။) - (၂၀၁၂) ခုနှစ်မှစတင်သော စည်ပင်သာယာရေးဥပဒေများ ပြဋ္ဌာန်းမှုမှတစ်ဆင့် ဤကဲ့သို့ ဆောင်ရွက်လာကြသည်။

**စည်ပင်သာယာရေးအဖွဲ့များ (DAOs) နှင့် စည်ပင်သာယာရေးဌာနများ (Department of Development Affairs – DDAs) – "မြို့ပြဆိုင်ရာ ပြည်သူ့လိုအပ်ချက်ဖြည့်ဆည်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများအတွက် မြန်မာနိုင်ငံ၏ ရောနှောထားသည့်အစီအစဉ်"** - နိုင်ငံတော်အဆင့်အောက်(တိုင်း/ပြည်နယ်အဆင့်)တွင် မြို့ပြဆိုင်ရာ ပြည်သူ့လိုအပ်ချက် ဖြည့်ဆည်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းအား သတ်မှတ်/ဖော်ဆောင်ခြင်းများမှာ စည်ပင်အဖွဲ့များနှင့် ၎င်းတို့၏ မိခင်ဌာနဖြစ်သော ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများ၏ လက်ဝယ်တွင် ရှိသည်။ ယေဘုယျအားဖြင့် စည်ပင်အဖွဲ့ရုံးများသည် မြို့နယ်နှင့် မြို့နယ်ခွဲ[၁]များ၏ မြို့ပြဌာန(စင်တာ)များတွင် တည်ရှိကြပြီး၊ သက်ဆိုင်ရာ မြို့ပြနေရာများတွင် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှု၊ မြို့ပြလမ်းများနှင့် လမ်းသွယ်များအား တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရေပေးဝေမှု၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် စည်းမျဉ်းဥပဒေများဖြင့် ထိန်းချုပ်ခြင်း၊ မြို့ပြနှင့် မြေယာအသုံးချမှု စီမံကိန်းရေးဆွဲခြင်း အစရှိသည့် (အတိုင်းအတာပြောင်းလဲမှုရှိသော) "စည်ပင်သာယာရေး" လုပ်ငန်းများကို ဆောင်ရွက်ပေးရသည်။ တစ်နည်းအားဖြင့် ရှုမြင်ရမည်ဆိုပါက မြို့နယ်အတွင်းရှိ ပညာရေးဝန်ဆောင်မှုများကို မြို့နယ်ပညာရေးမှူးရုံးမှ ကြီးကြပ်သည့်ပုံစံနှင့် အလားတူစွာ၊ စည်ပင်ရုံးများသည် သက်ဆိုင်ရာမြို့နယ်၏ မြို့ပြဝန်ဆောင်မှုဌာနကဲ့သို့ အလုပ်လုပ်သည်။

သို့ရာတွင် စည်ပင်အဖွဲ့များနှင့် အခြားသောမြို့နယ်အဆင့်ဌာနဆိုင်ရာများအကြားတွင် အဓိကကျသော ကွဲပြားခြားနားမှုများ တော်တော်များများရှိပြီး၊ ၎င်းတို့အနက်အချို့မှာ - စည်ပင်အဖွဲ့များ၏ မိခင်ဌာနဖြစ်သော စည်ပင်ဌာနသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရဌာနစစ်စစ်ဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရကိုသာ တာဝန်ခံရသည်။ စည်ပင်အဖွဲ့များသည်လည်း မိခင်ဌာနဖြစ်သော စည်ပင်ဌာနနှင့်အတူ ပြည်နယ်/တိုင်းဒေသကြီးအစိုးရကို တာဝန်ခံရသည်။ ထို့အပြင် စည်ပင်အဖွဲ့များတွင် ရွေးချယ်တင်မြှောက်သော ဒေသခံကော်မတီဝင် (၄)ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ စည်ပင်ရုံးတို့မှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီရှိပြီး၊ ၎င်းကော်မတီမှ စည်ပင်သာယာရေးရုံးကို ကြီးကြပ်ကွပ်ကဲရသည်။

**စည်ပင်အဖွဲ့များ**တွင် သတ်မှတ်ဝင်ငွေရလမ်းများနှင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံမှ လွှဲပြောင်းငွေအချို့ ရှိခြင်းကြောင့် ကိုယ်ပိုင်ဝင်ငွေ/ရငွေရင်းမြစ်များရှိကြသည်၊ (လိုအပ်ပါက မိခင်စည်ပင်ဌာန၊ အခြားစည်ပင် အဖွဲ့များနှင့် မျှဝေအသုံးပြုရသည်။) ဤအချက်ကြောင့် စည်ပင်အဖွဲ့တစ်ခုချင်းသည် ကိုယ်ပိုင်လွတ်လပ်ခွင့်တစ်စိတ်တစ်ပိုင်းရှိသောစီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲသည့် ဌာနများအဖြစ် ဆောင်ရွက်ခွင့်ရကြသည်။ ထို့အပြင်

---

[၁] မြို့နယ်ခွဲများသည် တရားဝင်အုပ်ချုပ်ရေးနယ်မြေများမဟုတ်ဟု ယူဆရသော်လည်း၊ ၎င်းတို့ကို ပြည်နယ်/တိုင်းဒေသကြီးများရှိ စည်ပင်အဖွဲ့/ စည်ပင်ဌာနစနစ် တော်တော်များများတွင် အရွယ်အစားသေးငယ်သော မြို့ပြဌာနများနှင့် အနီးအနားဝန်းကျင် ကျေးလက်ဒေသအား ဖော်ပြရန် အသုံးပြုကြသည်။ ဤကဲ့သို့သောကိစ္စအတွက်၊ စည်ပင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သေးငယ်သည့် စည်ပင်အဖွဲ့ရုံးများကို ဖွင့်လှစ်ထားရှိသည်။ ၎င်းတို့တွင် ကိုယ်ပိုင်ဘတ်ဂျက်ရှိသော်လည်း၊ အသုံးစရိတ်များအား ဒေသတွင်းဝင်ငွေဖြင့် ဘဏ္ဍာရေးမထောက်ပံ့နိုင်ပေ။ ထို့ကြောင့်ပင် ပိုမိုကြီးမားသော မြို့နယ်စည်ပင်အဖွဲ့များမှ လွှဲပြောင်းပေးမှုများ သို့မဟုတ် ထောက်ပံ့ကြေးများအပေါ်တွင် မှီခိုနေရသည်။

စည်ပင်အဖွဲ့များသည် ၄င်းတို့ဝင်ငွေ အများစုကို သက်ဆိုင်ရာမြို့နယ်များရှိ၊ ရပ်ကွက်များအတွက် ပြည်သူ့လိုအပ်ချက်ဖြည့်ဆည်းမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည့်နေရာတွင် သုံးစွဲကြသည်။

**စည်ပင်ဌာနများ**သည်လည်း အခြားသော (ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်) အစိုးရဌာနများနှင့် ကွဲပြားခြားနားသော အချက်တော်တော်များများရှိသည်။ စည်ပင်ဌာနအနည်းငယ်[၂] သည်သာ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးကော်မတီများ၏ ကြီးကြပ်မှု၊ စည်းမျဉ်းဥပဒေများဖြင့် စည်းကြပ်မှု၊ မူဝါဒချမှတ်မှုများကို ခံယူသည်။ အဆိုပါကော်မတီများကို ပြည်နယ်/တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ လူထုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ စည်ပင်ဌာနများသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်တစ်ခုတည်းသောဝန်ဆောင်မှုဆောင်ရွက်သည့် အေဂျင်စီများ[၃]ဖြစ်ပြီး၊ နိုင်ငံတော်အဆင့်အောက် (ပြည်နယ်/တိုင်းဒေသကြီးအဆင့်) အစိုးရဝန်ထမ်းများစွာကို ခန့်အပ်ထားသည်။ (စည်ပင်အဖွဲ့ရုံးတစ်ခုချင်းစီ၏ ဘတ်ဂျက်နှင့် ပြည်နယ်/တိုင်း စည်ပင်ရုံး ဘတ်ဂျက်နှစ်ခုပေါင်းထားသော) စည်ပင်ဌာနဘတ်ဂျက်သည် မြို့နယ်စည်ပင်ရုံးများမှမြို့နယ်အတွင်းရှာဖွေသောဝင်ငွေအမျိုးမျိုးအပေါ်တွင် လုံးဝမဟုတ်သော်လည်း အဓိကအားဖြင့် မှီခိုရသည်။ စည်ပင်ဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ အခြားသောဌာနများနှင့် မတူသောအချက်မှာ ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေ လွှဲပြောင်းပေးမှုကို မှီခိုမှုမပြုခြင်းပင်ဖြစ်သည်။

**စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်** - ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီရှိ စည်ပင်အဖွဲ့/စည်ပင်ဌာနအတွဲစနစ်တွင် အပိုင်း (၂) ပိုင်း ပါဝင်သည်။ *ပထမတစ်ပိုင်းမှာ* - အရေအတွက်အမျိုးမျိုးသော မြို့နယ်နှင့် မြို့စည်ပင်ရုံးများသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ခွင့်ရ စီရင်စုအတွင်း ဒေသန္တရအခွန်ငွေများကို ကောက်ယူစုဆောင်းခြင်းဖြင့် ရရှိလာသော ဝင်ငွေနှင့် အခြားဝင်ငွေအနည်းငယ်ဖြင့် မြို့နယ်ရပ်ကွက်များရှိ စည်ပင်လုပ်ငန်းများကို ရန်ပုံငွေထောက်ပံ့ရန် အသုံးပြုကြသည်။ စည်ပင်အဖွဲ့ရုံးတိုင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်ကွပ်ကဲ၊ ကူညီပံ့ပိုးပေးပြီး၊ ယင်းကော်မတီတွင် မြို့ပြနယ်မြေများမှ ရွေးချယ်ခံကိုယ်စားလှယ် အချို့ပါဝင်သည်။ *ဒုတိယအပိုင်းမှာ* - ပြည်နယ်/တိုင်းစည်ပင်ဌာနသည် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ စည်ပင်အဖွဲ့အားလုံးမှ စုပေါင်းဘတ်ဂျက်(ရသုံးမှန်းခြေငွေစာရင်း)အား ရယူပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံသို့ နှစ်စဉ်ဘတ်ဂျက်ကို တင်ပြရန်နှင့် နယ်နိမိတ်အတွင်းရှိ မြို့နယ်နှင့်မြို့စည်ပင်ရုံးများကို ကြီးကြပ်စောင့်ကြည့်၊ ကူညီပံ့ပိုးပေးရန် တာဝန်ရှိသည်။ စည်ပင်ဌာနအားလုံးသည် ၄င်းတို့၏ စည်ပင်ဝန်ကြီးများမှတစ်ဆင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းအစိုးရများထံညွှန်ကြားမှုခံယူရသည်။ အချို့ကိစ္စများတွင် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီများသည်လည်း စည်ပင်ဌာနများကို ကြီးကြပ်ကြသည်။

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ပြည်ထောင်စုအစိုးရ၏ အစိတ်အပိုင်းမဟုတ်ဘဲ ပြည်နယ်/တိုင်းဒေသကြီး အစိုးရနှင့်သာ သက်ဆိုင်နေသည်ဆိုသည့်အချက်မှာ အလေးထားရကျိုး အထူးပင်ထိုက်တန်လှပါသည်။ လက်တွေ့တွင်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ၄င်းတို့နှင့်သက်ဆိုင်သည့် စည်ပင်သာယာရေး ဥပဒေများကို လွတ်လပ်စွာရေးဆွဲ၍ ၄င်းတို့ကိုယ်ပိုင် စည်ပင်ဥပဒေများကို ပြဌာန်းခဲ့ကြသည်။ အမှန်တကယ်တွင်လည်း ၂၀၁၂ ခုနှစ်နှောင်းပိုင်းမှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့(၁၄)ဖွဲ့စလုံးသည် ၄င်းတို့နှင့်သက်ဆိုင်သော စည်ပင်သာယာရေးဥပဒေများကို အသီးသီးရေးဆွဲပြဌာန်းခဲ့ကြသည်။ ယင်းဥပဒေအများစုမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (န.ဝ.တ)အစိုးရ၏ ဥပဒေအမိန့်အမှတ် (၅/၉၃) ကို အဓိက အခြေခံထားသော်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ကွဲထွက်လာခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

[၂] မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင်
[၃] ပြည်နယ်/တိုင်းဒေသကြီး၏ အများပိုင်စီးပွားရေးလုပ်ငန်းများနှင့် ဆန့်ကျင်စွာ

## အပိုင်းသုံး။ ။ စီမံခန့်ခွဲမှု၊ လုပ်ဆောင်မှုနှင့် ဘဏ္ဍာရေး ဆိုင်ရာ

*စည်ပင်အဖွဲ့များကို မည်သူများမှ ဦးဆောင်လုပ်ကိုင်နေသနည်း? စည်ပင်ဌာနများနှင့် စည်ပင်အဖွဲ့များ၏ အရင်းအမြစ်များနှင့် စီမံခန့်ခွဲမှု*

**ပြည်နယ်/တိုင်းအဆင့် စည်ပင်ဌာနများ** - ပြည်နယ်/တိုင်းဒေသကြီး အားလုံး၏ စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များရှိ ထိပ်ပိုင်းများတွင် စည်ပင်ဝန်ကြီးများရှိကြသည်။ နေ့စဉ်လုပ်ငန်းတာဝန်ယူမှုကို ဌာန၏ ညွှန်ကြားရေးမှူးဦးဆောင်သော ပြည်နယ်/တိုင်းစည်ပင်ဌာနမှ လုပ်ဆောင်ခြင်းဖြစ်သည်။ ၄င်းညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ရသည်။ မည်သည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင်မဆို စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်တွင် ညွှန်ကြားရေးမှူးသည် ရာထူးအမြင့်ဆုံးသော ပြည်သူ့ဝန်ထမ်းဖြစ်ပြီး၊ မည်သည့် စည်ပင်အဖွဲ့/စည်ပင်ဌာနမှ အချိန်ပြည့် ဝန်ထမ်းမဆို ပုံမှန်ရာထူးတက်သွားပါက ထိုနေရာသို့ရောက်ရန် မျှော်မှန်းနိုင်သည်။

ပုံမှန်အားဖြင့် ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ဌာနများအား အဓိက ဌာနခွဲနှစ်ခု ခွဲခြားထားသည်။ <u>အုပ်ချုပ်မှုဌာနခွဲ</u>တွင် ယေဘုယျအားဖြင့် စီမံရေးရာဌာန၊ ဘတ်ဂျက်ဌာနများ၊ အခွန်နှင့်ဥပဒေရေးရာဌာနများ ပါဝင်သည်။ ၄င်းဌာနခွဲသည် နှစ်စဉ် စည်ပင်ဌာနဘတ်ဂျက်များကို စုစည်းပေးခြင်း၊ စည်ပင်အဖွဲ့များအား စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းခြင်းနှင့် ဝင်ငွေရှာဖွေခြင်းတို့တွင် အကူအညီပေးမှုများ လုပ်ဆောင်သည်။ အင်ဂျင်နီယာဌာနခွဲသည် လမ်း/တံတားနှင့် အခြားသောကဏ္ဍများအတွက် စည်ပင်အဖွဲ့များအား နည်းစနစ်အကူအညီများပေးခြင်းများအား ဆောင်ရွက်သည်။ ၄င်းစည်ပင်ဌာနရှိ ဌာနခွဲတစ်ခုစီ၏ အကြီးအကဲများသည် စည်ပင်ဌာနညွှန်ကြားရေးမှူး၏ လက်ထောက်များအဖြစ် လုပ်ငန်းတာဝန်များကို ထိရောက်စွာတာဝန်ယူ၊ အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် စည်ပင်ဌာနဝန်ထမ်းဦးရေသည် အသင့်အတင့်သာရှိပါသည်။ ပြည့်စုံသည့် ကိန်းဂဏန်းအချက်အလက်တော်တော်များများ မရှိသော်လည်း စည်ပင်ဌာနရုံးများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ(အိုင်စီတီ)ပစ္စည်းများကဲ့သို့သော ရုံးပိုင်းဆိုင်ရာပစ္စည်းများ လုံလောက်စွာတပ်ဆင်ထားမှု မရှိသည်ကို တွေ့ရသည်။

**စည်ပင်အဖွဲ့များ** - စည်ပင်အဖွဲ့ရုံးများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်တွင် ရှေ့ဆုံးမှ ဝန်ဆောင်မှုပေးနေသော ဌာနများဖြစ်ကြသည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီအတွင်း မြို့နယ်များတွင် စည်ပင်အဖွဲ့ရုံးများ ရှိကြသည်။ (၄င်းစည်ပင်) မြို့နယ်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အုပ်ချုပ်ရေးနယ်မြေများနှင့် အတူတူဖြစ်ပြီး၊ အဆိုပါ အုပ်ချုပ်ရေးဌာနခွဲများ၏ အခွင့်အာဏာအတွင်းတွင် ရှိကြသည်။ စည်ပင်အဖွဲ့ရုံးများသည် မြို့ပြရပ်ကွက်များတွင် စည်ပင်သာယာရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခြင်းဖြစ်ပြီး၊ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများထံမှ အခွန်များကို ကောက်ခံပါသည်။

မူအားဖြင့် စည်ပင်အဖွဲ့ရုံးများအား ၄င်းတို့ကောက်ခံရရှိသည့် အခွန်ငွေပမာဏအပေါ် မူတည်၍ အမျိုးအစားခွဲခြားထားသည်။ (ဤအချက်သည် ၂၀၁၄ ခုနှစ်အမိန့်ထုတ်ပြန်ချက်အပေါ် အခြေခံထားပုံရသည်။) သို့သော် တကယ့်လက်တွေ့တွင် စည်ပင်အဖွဲ့ရုံးများအား အမျိုးအစားခွဲခြင်းသည် ၄င်းတို့အပေါ် မည်သည့်နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ (ဘဏ္ဍာငွေဆိုင်ရာ သို့မဟုတ် အခြားအရာများတွင်) မှ ရှိပုံမရပေ။ မူအရ (က) အဆင့်မြို့များနှင့် အထူးမြို့များရှိ စည်ပင် အဖွဲ့ရုံးများတွင် လိုအပ်သည့် ဝန်ထမ်းနေရာများစွာကို ဖြည့်ဆည်း ခန့်အပ်ရမည်ဖြစ်သော်လည်း၊ တကယ်တမ်းခန့်အပ်နိုင်သည့် ဝန်ထမ်းအရေအတွက်မှာ ခန့်အပ်ရန်အတည်ပြုထားသည့် ဝန်ထမ်းအရေအတွက်အတိုင်း မဟုတ်ပေ။ မည်သို့ဆိုစေကာမူ ဝင်ငွေအဆင့်နည်းပါးသည့် စည်ပင် အဖွဲ့ ရုံးငယ်များတွင် ရုံးကြီးများထက် ဝန်ထမ်းဦးရေ ပိုမိုနည်းပါးလေ့ရှိသည်ကို တွေ့ရသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်ဌာနများကဲ့သို့ပင် စည်ပင်အဖွဲ့များအားလည်း အဓိကဌာနခွဲနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ စည်ပင်အဖွဲ့ရုံးများတွင် စည်ပင်ဦးစီးအရာရှိ (အမှုဆောင်အရာရှိ - Executive Officer [၄] – EO)သည် အကြီးအကဲဖြစ်ပြီး၊ အုပ်ချုပ်ရေး/ဘဏ္ဍာရေး အကြီးတန်းအရာရှိများနှင့် အင်ဂျင်နီယာအရာရှိများသည် ဒုတိယ အကြီးအကဲများအဖြစ် တာဝန်ယူလေ့ရှိသည်။ စည်ပင်အဖွဲ့ရုံးများရှိ ဝန်ထမ်းများအား လစဉ် ဝင်ငွေအမျိုးအစားနှစ်မျိုးဖြင့် ခွဲခြားသတ်မှတ်နိုင်သည်။ လစဉ်၊ လစာရရှိသည့် လခစားဝန်ထမ်းများနှင့် နေ့စား လုပ်အားခ ပေးအပ်ခြင်းခံရသည့် နေ့စားဝန်ထမ်းများ ဟူ၍ဖြစ်သည်။ စည်ပင်အဖွဲ့အများစုတွင် တရားဝင်အားဖြင့် ဝန်ထမ်းဦးရေချို့တဲ့သည်။ ခန့်အပ်ဝန်ထမ်းအရေအတွက်သည် ခန့်အပ်ရန် အတည်ပြုထားသည့် သို့မဟုတ် ထုတ်ပြန်ထားသည့် အရေအတွက်ထက် အမြဲတမ်းနည်းပါးနေသည်။

**စည်ပင်အဖွဲ့/စည်ပင်ဌာန ဝန်ထမ်း - ပြည်ထောင်စုအဆင့်အောက် ပြည်သူ့ဝန်ထမ်းများ** - စည်ပင်အဖွဲ့/စည်ပင်ဌာန ဝန်ထမ်းခန့်အပ်မှု အနေအထားမှာ တစ်စုံတစ်ရာ ရှုပ်ထွေးမှုရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ခွဲမထုတ်မီ (၂၀၁၃) ခုနှစ်အထိ အရာရှိများနှင့် ဝန်ထမ်းများသည် ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းများဖြစ်ကြသည်။ သို့သော် ပြည်နယ်/တိုင်းဒေသကြီးများသို့ အခွင့်အာဏာ ဖြေလျှော့ပေးပြီး နောက်ပိုင်းတွင် ၎င်းတို့သည် ပြည်ထောင်စုအဆင့်အောက်ရှိ ပြည်သူ့ဝန်ထမ်းများ ဖြစ်လာကြပြီး ပြည်နယ်/တိုင်းဒေသကြီးများတွင် အင်အားအများဆုံး ပြည်သူ့ဝန်ထမ်းအုပ်စုများ ဖြစ်ကောင်းဖြစ်နိုင်သည်။ လစာပမာဏကို ပြည်ထောင်စုအဆင့် စည်းမျဉ်းများအတိုင်းပင် ဆက်လက်ဆောင်ရွက်လျက်ရှိသော်လည်း ဝန်ထမ်းများသည် ပြည်ထောင်စုအစိုးရ၏ ပြည်သူ့

[၄] ဤအချက်သည် သေးငယ်သောစည်ပင်အဖွဲ့ရုံးများ၌ ၄င်းရုံး၏ အကြီးအကဲသည် အမှုဆောင်အရာရှိ (EO) တစ်ယောက်ဖြစ်ရန် အရည်အချင်းမပြည့်မီသည့်ပုံစံ ဖြစ်နိုင်သည်။

ဝန်ထမ်းများအဖြစ် ဆက်လက်ရှိနေတော့သည် မဟုတ်ပါ။ ၎င်းတို့အား ရာထူးတိုးမြှင့်ပေးမှုကို ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်အဖွဲ့ ရာထူးအဆင့်အထိသာ လုပ်ဆောင်နိုင်ပြီး ဝန်ထမ်းပြောင်းရွှေ့မှုများကိုလည်း ပြည်နယ်/တိုင်း စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်အတွင်း အကန့်အသတ်ဖြင့်သာ လုပ်ဆောင်သည်။

## စည်ပင်အဖွဲ့ လုပ်ငန်းဆောင်တာများနှင့် ငွေကြေးသုံးစွဲမှုပုံစံများ

### ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများ

ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ဌာနများသည် မြို့ပြနေပြည်သူများအတွက် လိုအပ်သောအရာများနှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန် တိုက်ရိုက်အားဖြင့် တာဝန်မရှိပါ။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများသည် အောက်ပါလုပ်ငန်းတာဝန်များကို အဓိက လုပ်ဆောင်ကြောင်း တွေ့ရသည်။ မြို့နယ်စည်ပင်ရုံးများကို ကြီးကြပ် ကွပ်ကဲခြင်း၊ ဘဏ္ဍာငွေကောက်ခံမှုများကို သေချာစေခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အစီအရင်ခံတင်ပြခြင်း၊ မြို့နယ်စည်ပင်ရုံးများကို အထောက်အပံ့ပေးခြင်းနှင့် အခြားဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် ဆက်ဆံရာတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးဌာနအနေဖြင့် ကိုယ်စားပြုခြင်းတို့ဖြစ်ကြသည်။ ယေဘုယျအားဖြင့် စည်ပင်ဌာနများသည် စီမံအုပ်ချုပ်ရေးနှင့် ကြားခံဆောင်ရွက်ရေးတို့ကို အဓိက လုပ်ဆောင်ပေးရပြီး စည်ပင်အဖွဲ့များနှင့်အတူ မြို့ပြစီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ကိုင်တွယ်ခြင်း၊ ဘတ်ဂျက်အချက်အလက်များ စုဆောင်းခြင်းနှင့် အစီအရင်ခံခြင်း အစရှိသည်တို့ကို ပံ့ပိုးရသည့် နောက်တန်းရုံးသဖွယ်ဖြစ်သည်။ ၎င်းတို့သည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မူဝါဒရေးရာချမှတ်ရာတွင်မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရမည်ဆိုသည့် တိကျသည့် ညွှန်ကြားချက်များ မရှိပါ။

စည်ပင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအာရုံစိုက်ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်တစ်ခုမှာ - ၎င်းတို့ကို မြို့ပြရပ်ကွက်များတွင် ဝန်ဆောင်မှုများပေးရန်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၏ စည်ပင်သာယာဥပဒေများတွင် ရှင်းလင်းစွာဖော်ပြထားခြင်း မရှိသော်လည်း အဆိုပါအချက်မှာ စည်ပင်အဖွဲ့ရုံးများရှိ အရာရှိများနှင့် ဝန်ထမ်းများ၏ အဓိကအလုပ်များဟု ယူဆကြသည်မှာ ထင်ရှားပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာဥပဒေများ[၇] တွင် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားသည်။ စည်ပင်သာယာရေးအဖွဲ့များအတွက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန် (၃၀) ခုခန့်ရှိသည်ကို တွေ့ရပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ကြည့်လျှင်နယ်ပယ်များစွာကို ပြန့်ကျဲလွှမ်းခြုံထားပြီး၊ မတူညီသည့် လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်ကို တွေ့ရသည်။ လက်တွေ့တွင်မူ စည်ပင်သာယာရေးအဖွဲ့အများစုသို့ ပေးထားသော အဓိကလုပ်ငန်းတာဝန်များသည် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးရေးတာဝန်များတွင် အကန့်အသတ်များရှိနေပြီး စည်းမျဉ်း၊ ညွှန်ကြားချက်များထုတ်ကာ စည်းကမ်းထိန်းခြင်းနှင့် အခွန်ကောက်ခံခြင်းနှင့်ဆိုင်သော တာဝန်ဝတ္တရားများမှာလည်း ထိုနည်းတူသာဖြစ်သည်။

**မြို့ပြလမ်းများနှင့် သယ်ယူပို့ဆောင်ရေးအခြေခံ အဆောက်အအုံ -** ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့မှ တာဝန်ယူသည့် လမ်းတံတားများမှလွဲ၍ မြို့ကြီးများနှင့် မြို့ငယ်များတွင်တည်ရှိသည့် စည်ပင်နယ်နိမိတ်အတွင်းရှိ လမ်းများ၊ တံတားများ တည်ဆောက်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းများအတွက်စည်ပင်သာယာရေးအဖွဲ့များတွင် တရားဝင်တာဝန်ရှိသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ မြို့ငယ်များနှင့်မြို့ကြီးများတွင် အခြေခံချိတ်ဆက်ထားသည့်လမ်းများ ရှိသင့်သလောက် ရှိပြီးဖြစ်သောကြောင့် လမ်းအခြေခံ အဆောက်အအုံကဏ္ဍတွင် စည်ပင်သာယာရေးအဖွဲ့များသည် လမ်းအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ လုပ်ဆောင်ရန်သာ ကန့်သတ်ခြင်းခံထားရသည်။ စည်ပင်အဖွဲ့များသည် ဖြစ်နိုင်သမျှသော မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ၎င်းတို့၏ လမ်းအခြေခံအဆောက်အအုံစီမံကိန်းများကို "ဌာနတွင်းအင်အားစု" (force account) များဖြင့်သာ အကောင်အထည်ဖော်ရန် ရွေးချယ်လေ့ရှိကြသည် "ဌာနတွင်းအင်အားစု" ဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် စည်ပင်အဖွဲ့ပိုင် စက်ပစ္စည်းများ၊ စည်ပင်အင်ဂျင်နီယာများနှင့် အလုပ်သမား တိုက်ရိုက်ငှားရမ်းခြင်းတို့ကို မှီခိုနေရမှုများရှိသည်။ ကိုယ်ပိုင်အင်ဂျင်နီယာများ၊ ပစ္စည်းများ၊ ယာဉ်များရှိသော စည်ပင်အဖွဲ့ကြီးများသည် ယင်းနည်းလမ်းကို ရွေးချယ်ကြသည်။ မည်သည့်စည်ပင်အဖွဲ့ကြီးကမျှ လမ်းအခြေခံအဆောက်အအုံစီမံကိန်းများကို တင်ဒါခေါ် ယူ၍ ပုဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းများအား အလုပ်အပ်ခြင်းမျိုးကို မပြုလုပ်ကြပေ။ အဖွဲ့ကြီးမဟုတ်သော စည်ပင်အဖွဲ့များသာလျှင် လမ်းအခြေခံအဆောက်အအုံစီမံကိန်းများအား ပုဂ္ဂလိကသို့ တင်ဒါယှဉ်ပြိုင်ခေါ် ယူ၍ အလုပ်အပ်လေ့ရှိသည်။

**စွန့်ပစ်ပစ္စည်းအမှိုက်များအား စီမံခန့်ခွဲမှု -** စည်ပင်အဖွဲ့အများစုသည် မြို့ပြများမှ စွန့်ပစ်အမှိုက်များကို အခြေခံအားဖြင့် တူညီသည့် နည်းလမ်းများဖြင့် သိမ်းယူကြပြီး၊ စည်ပင်ပစ္စည်းများနှင့် တိုက်ရိုက်ငှားရမ်းထားသော အလုပ်သမားများအပေါ် မူတည်၍ တိုက်ရိုက် ရှင်းလင်းခြင်းနှင့် အများပြည်သူနေရာများမှ အမှိုက်များကောက်ယူခြင်းတို့အပြင်၊ စည်ပင်ယာဉ်များအားဖြင့် အဓိကလမ်းများနှင့် သွားလာရလွယ်ကူသောလမ်းများတစ်လျှောက် အချိန်မှန် အမှိုက်ကောက်ယူ သိမ်းဆည်းခြင်းတို့ ပါဝင်သည်။ ဤကဲ့သို့ အမှိုက်သိမ်းဆည်းခြင်းအား ဆောင်ရွက်ရန်အတွက် အိမ်ခြေများနှင့် စီးပွားရေးလုပ်ငန်းများမှ နှစ်စဉ်အိမ်ခွန်များနှင့်အတူ စည်ပင်အမှိုက်စီမံရေးအတွက် ပေးဆောင်၊ ထောက်ပံ့ရသည်။ လမ်းအခြေခံအဆောက်အအုံဆိုင်ရာ လုပ်ဆောင်ချက်များကဲ့သို့ အိမ်ထွက် အမှိုက်များကိုကောက်ယူရန် စည်ပင်ပိုင်ယာဉ်များနှင့် အလုပ်သမားများအပေါ် များသောအားဖြင့် မှီခိုရသည်။

[၇] ၎င်းတို့ထဲမှအများစုမှာ န.ဝ.တဥပဒေ (၅/၉၃) တွင် စည်ပင်အဖွဲ့များအားပေးအပ်သည့် လုပ်ငန်းဆောင်တာများနှင့် ဝတ္တရားများအား ရိုးရှင်းစွာပြန်လည်ပြဆိုထားခြင်းဖြစ်သည်။

**အခြားသော စည်ပင်လုပ်ငန်းများ** ကိုလည်း အချို့သောစည်ပင်အဖွဲ့များမှ အကန့်အသတ်တစ်ခုဖြင့် ဆောင်ရွက်ပေးသည်။ ၎င်းတို့ ထဲမှ ထင်ရှားသည့်လုပ်ငန်းမှာ လမ်းမီးပေးခြင်းဖြစ်သည် - အချို့မြို့များတွင် လမ်းမီးများရရှိရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အလုံးစုံ တာဝန်ယူ ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေပုံရနေသည်များကိုလည်း တွေ့ရှိရသည်။ စည်ပင်အဖွဲ့အများစုမှ ဆောင်ရွက်ပေးသည့် အခြားသော စည်ပင်ဝန်ဆောင်မှုမှာ အများပြည်သူအတွက် ဈေးများကို စီမံခန့်ခွဲခြင်းဖြစ်သည်။ - ဤအတွက် လုပ်လေ့ရှိသည့်ပုံစံမှာ ဈေးစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုကို ပုဂ္ဂလိကလုပ်ငန်းများသို့ စည်ပင်အမည်ဖြင့် လုပ်ဆောင်ခွင့် (သို့မဟုတ် လိုင်စင်ဖြင့်) ဆောင်ရွက်စေခြင်းဖြစ်သည်။ ထိုပုဂ္ဂလိကလုပ်ငန်းများသည် အထူးသဖြင့် ပျံကျဈေးသည်များထံမှ ဈေးကောက်ငွေပမာဏကို ၎င်းတို့ကိုယ်တိုင် သတ်မှတ်ကောက်ယူသည်။

**ရေပေးဝေခြင်း** - အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ မြို့ပြနေရာများတွင် ရေပေးဝေမှုသည် အတော်တွေ့ရခဲသည့် အနေအထားဖြစ်သည်။ မြန်မာနိုင်ငံ မြို့ပြအိမ်ထောင်စုများ၏ (မှတ်သားဖွယ်ရာ) အလွန်နည်းပါးသောအချိုးအစားကသာလျှင် ရေပိုက်များ ချိတ်ဆက်ပေးဝေသည့်စနစ်မှ ရေရယူသုံးစွဲသည်ကိုတွေ့ရသည်။ လက်တွေ့တွင် အလွန်နည်းပါးသောစည်ပင်အဖွဲ့များသာ ရေပိုက်ဖြင့်ရေပေးဝေသောစနစ်ကို စီမံခန့်ခွဲနိုင်သည်ဆိုခြင်းမှာ အံ့ဩစရာမဟုတ်ဘဲ ၎င်းစနစ်ဖြင့် ရေရရှိစေရန် ဆောင်ရွက်ပေးသည်မှာလည်း အကန့်အသတ်ဖြင့်သာရှိသည်ကို တွေ့ရသည်။ မြို့ပြအိမ်ထောင်စုများသည် ရေတွင်းများ၊ အဝီစိရေ သို့မဟုတ် ပုဂ္ဂလိက ပိုက်များချိတ်ဆက်ပေးဝေခြင်းစသည့် ရေအရင်းအမြစ်များကို မှီခိုနေရသည်။ သို့သော် ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ကဲ့သို့သော ဖွံ့ဖြိုးရေးမိတ်ဖက်များမှ မြန်မာနိုင်ငံမြို့ငယ်နေရာအများအပြားတွင် စည်ပင်ရေပေးဝေမှုစနစ်ကို အကောင်အထည်ဖော်ရန်နှင့် ငွေကြေးထောက်ပံ့ရန် စတင်လုပ်ဆောင်နေပြီဖြစ်သောကြောင့် မကြာမီပင် လက်ရှိကြုံတွေ့နေရသော အခြေအနေများမှာ ပြောင်းလဲသွားတော့မည်ဖြစ်သည်။

**ရငွေ(ဝင်ငွေ) သတ်မှတ်လျာထားခြင်း၊ ရငွေအရင်းအမြစ်များနှင့် ရငွေများ ပြန်လည်ခွဲဝေချထားခြင်း**

**ရငွေ(ဝင်ငွေ)အရင်းအမြစ်များ** - စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ပြည်နယ်/တိုင်းဒေသကြီးပိုင် စီးပွားရေးလုပ်ငန်းများနှင့် များစွာတူညီသည့်ပုံစံဖြင့် ကိုယ်တိုင်ဘဏ္ဍာရေးထောက်ပံ့(Self-financing)သည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများတွင် စည်ပင်အဖွဲ့များအား ကိုယ်ပိုင်ရင်းမြစ်မှရငွေ(ဝင်ငွေ) ရရှိစေရန် ဆောင်ရွက်ခွင့်ပေးထားသည်။[၆] ၎င်းရင်းမြစ်များမှာ စီးပွားရေးလုပ်ဆောင်ခွင့်လိုင်စင် မှတ်ပုံတင်ကြေး၊ လိုင်စင်လေလံများ၊ ပစ္စည်းခွန် (အိုးအိမ်ဆိုင်ရာနှုန်းထားများ)၊ ဘီးခွန်နှင့် စည်ပင်ဥပဒေ ချိုးဖောက်မှုများအတွက် ချမှတ်သည့် ဒဏ်ကြေးငွေများ ပါဝင်သည်။

စည်ပင်အဖွဲ့များသည် ၎င်းတို့စီရင်စုများမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်မှ ဝေစုရှယ်ယာ (၅%) (အခွန်ရသည့် မူလနေရာမှ)နှင့် တံဆိပ်ခေါင်းခွန်[၇] မှ ဝေစုရှယ်ယာ ( ၂%) (အခွန်ရသည့်မူလနေရာမှ) တို့ကိုလည်း လက်ခံရရှိသည်။[၈] ဤအခွန်နှစ်ခုစလုံးကို ပြည်ထောင်စုအစိုးရ၏ ပြည်တွင်းအခွန်များဦးစီးဌာန (IRD) မှ ကောက်ခံကာ အုပ်ချုပ်စီမံခန့်ခွဲခြင်းဖြစ်သည်။ စည်ပင်အဖွဲ့များ၏ ဘတ်ဂျက်(ရသုံးမှန်းခြေ ငွေစာရင်း) မှတ်တမ်းများတွင် အဆိုပါဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်မျှဝေမှုကို အခြားပစ္စည်းပိုင်ဆိုင်မှု အခွန်(နှုန်းထား)နှင့် တစ်မျိုးတစ်စားတည်းထား၍ ရေးသွင်းထားပြီး၊ အခြားသောအခွန်များထံမှ ခွဲခြားနိုင်ခြင်း မရှိပါ။[၉]

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ (သို့မဟုတ်) ပြည်ထောင်စုအစိုးရများထံမှ စည်ပင်အဖွဲ့များ/စည်ပင်ဌာနများဆီသို့ ပိုမို ထင်သာမြင်သာရှိသော ဘဏ္ဍာငွေလွှဲပြောင်းပေးမှုများ ဖြစ်လေ့ဖြစ်ထမရှိသော်လည်း၊ ရှိသည်ဟု ဆိုရမည်။ အချို့သော ပြည်နယ်/ တိုင်းဒေသကြီးများသည် ၎င်းတို့၏ စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များအား ဘဏ္ဍာငွေ ထောက်ပံ့မှုအချို့ ပေးအပ်သည်။ အထင်ရှားဆုံးမှာ မွန်ပြည်နယ်ရှိ စည်ပင်အဖွဲ့များသည် ပြည်နယ်မှ ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ပေးမှုများကို ရရှိမည်ဆိုသော (ခန့်မှန်းခြေအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အရင်းအမြစ်နှင့် မျှဝေရရှိသော ဝင်ငွေစုစုပေါင်း၏ ၁၅-၂၀% ရှိမည်။) ယူဆချက်အပေါ် အခြေခံပြီး၊ ၎င်းတို့၏ (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ရေးဆွဲရန် ပြည်နယ်အဆင့် ရသုံးမှန်းခြေ ငွေစာရင်းဌာနက ညွှန်ကြားခဲ့သည်။

**ချေးငှားခြင်း** - နှစ်ဦးနှစ်ဖက် (သို့မဟုတ်) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး မိတ်ဖက်များထံသို့ ပြန်လည်ပေးဆပ်ရမည့် ချေးငွေများအတွက် စည်ပင်အဖွဲ့များမှ တာဝန်ယူရသည့် (ပိုများလာသော)သာဓကများ အသေအချာပေါ်ပေါက်လာသည်။ ယင်းချေးငွေများကို ပြည်ထောင်စုအဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာန (သို့မဟုတ်) ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ တရားဝင် ပေးအပ်သွားမည်ဖြစ်သည်။ သို့သော် ၎င်းချေးငွေများကို စည်ပင်အဖွဲ့များမှ ဝင်ငွေများအား အသုံးပြု၍ ပြန်လည်ပေးဆပ်သွားရလိမ့်မည်ဖြစ်သည်။

---

[၆] စည်ပင်ဝင်ငွေများနှင့်ပတ်သက်ပြီး အသေးစိတ်ကို Arnold et al. (2015) နှင့် Bissinger (2016) တွင် ကြည့်ပါ။
[၇] ယင်းကို တစ်ခါတစ်ရံတွင် "ကုန်သွယ်ခွန်"အဖြစ် မှားယွင်းစွာ ဘာသာပြန်ကြသည်။
[၈] နေပြည်တော်ရှိ ပြည်တွင်းအခွန်ဦးစီးဌာနက အရာရှိများ၏အဆိုအရ ယင်းသည် ကြာရှည်စွာတည်ရှိနေသော အခွန်မျှဝေခြင်း အစီအမံတစ်ရပ် ဖြစ်သည်။ အမှန်တကယ်တော့ တံဆိပ်ခေါင်းခွန်မျှဝေခြင်းတွင် ရှည်လျားသည့် သမိုင်းကြောင်းရှိသည်။ ရန်ကုန်စည်ပင်သာယာရေးနယ်မြေတွင် ယင်းကဲ့သို့ မျှဝေခြင်းကို ၁၉၂၀ ရန်ကုန်ဖွံ့ဖြိုးတိုးတက်မှု ဥပဒေက လုပ်ပိုင်ခွင့်ပေးမှုဖြင့် စတင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် မန္တလေးသို့ တိုးချဲ့ခဲ့ကာ ၂၀၁၄ တွင်တော့ တစ်နိုင်ငံလုံးအနှံ့ DAO ရုံးများအားလုံးသို့ လုပ်ပိုင်ခွင့်ပေးခဲ့သည်။
[၉] ၎င်းပြည်တွင်းအခွန်များဦးစီးဌာန/စည်ပင်အဖွဲ့များ(IRD/DAO)ဝင်ငွေမျှဝေမှု အစီအစဉ်များသည် တဖြည်းဖြည်းရပ်တန့်သွားလိမ့်မည်ဟု ယူဆရသည်။ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်ကုန်တွင်တော့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ ပေးအပ်လိမ့်ဦးမည်ဖြစ်သည်။

**ရငွေများ ပြန်လည်ခွဲဝေချထားပေးခြင်း -** ဖြစ်နိုင်သမျှအားဖြင့် စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ် အများစုသည် ၎င်းတို့၏ လက်ရှိရငွေထက် ပိုများသောသုံးစွဲမှုများအားလုံးအတွက် ဘဏ္ဍာငွေထောက်ပံ့မှုများရရှိရန မျှော်လင့်ထားကြသည်။ အမှန်တကယ်တွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များ၌ မြို့နယ်နှင့်မြို့များရှိ စည်ပင်ရုံးများသည် ၎င်းတို့၏ အသုံးစရိတ်များအတွက် "ကိုယ်ပိုင်နည်းလမ်းဖြင့် ငွေပေးချေ"စေရန် မျှော်လင့်ကြသည်။ သို့သော် အဆိုပါနည်းလမ်းသည် ကိုယ်ပိုင်ရင်းမြစ်နှင့် မျှဝေရရှိသောငွေများမှ အခြေခံအသုံးစရိတ်များကို မကာမိသည့် (လိုငွေပြနေသော) မြို့နယ်နှင့်မြို့နယ်ခွဲရုံးများအတွက်မူ မဖြစ်နိုင်သော ကိစ္စရပ်ဖြစ်သည်။

ဤကဲ့သို့ "လိုငွေပြနေသော"စည်ပင်အဖွဲ့များအား ဘဏ္ဍာငွေဖြည့်ဆည်းနိုင်ရန်အလို့ငှာ၊ စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်အများစုတွင် ရငွေ(ဝင်ငွေ)များအား ပြန်လည်ခွဲဝေချထားပေးခြင်း အစိတ်အပိုင်းကို ထည့်သွင်းထားသည်။ - ဘဏ္ဍာခွန် အလျှံပယ်ရရှိသော (သို့မဟုတ် ပိုငွေပြသော) စည်ပင်အဖွဲ့များသည် ဝင်ငွေအချိုးအစားတစ်ခုကို စည်ပင်ဌာနမှ စီမံခန့်ခွဲသော စုငွေသို့ ထည့်ဝင်ရပြီး၊ ထိုစုငွေအား စည်ပင်ဌာနကိုယ်တိုင်နှင့် လိုငွေပြသောမြို့နယ်(သို့)မြို့များရှိ စည်ပင်အဖွဲ့များသို့ ဘဏ္ဍာငွေထောက်ပံ့ပေးသည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက်နှင့် တစ်ခါတစ်ရံတွင် နှစ်အလိုက် ပြောင်းလဲမှုများအရ၊ စည်ပင်အဖွဲ့များက ဖြတ်ချလိုက်သော စုစုပေါင်းရငွေမှ ပိုလျှံငွေမှာ (၅%) မှ (၁၀%) ကြားတွင် ရှိသည်။

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ဘဏ္ဍာနှစ်ကုန်ဆုံးသည့်အခါ ၎င်းတို့အသုံးမပြုရသေးသော ရငွေများကို ပြည်နယ်/တိုင်း ဒသကြီးအစိုးရများထံသို့ ပြန်လည်လွှဲအပ်သည်။ ဤပုံစံအရ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော စိတ်ဝင်စားဖွယ်အချက်နှစ်ချက် တွေ့ရသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် စည်ပင်အဖွဲ့များ/စည်ပင်ဌာနများပေါ်တွင် ရငွေများကို အမြင့်ဆုံးရှာဖွေရန် (သို့မဟုတ်) အနည်းဆုံးသုံးစွဲရန် ဖိအားကြီးကြီးမားမားပေးပုံ မရှိသလို၊ စည်ပင်အဖွဲ့များ/စည်ပင်ဌာနများသည်လည်း အသုံးမပြုလိုက်ရသော ငွေစာရင်းအား အနည်းဆုံးဖြစ်သွားစေရန် အပြင်းအထန်ဆောင်ရွက်သည်ကို တွေ့ရှိရသည်။

**စည်ပင်အဖွဲ့များ - ဒေသန္တရနှင့် ဒေသန္တရမဆန်သော ကိုယ်ပိုင်ရငွေ (ဝင်ငွေ) ရင်းမြစ်များ**

စည်ပင်အဖွဲ့များသည် "ဘဏ္ဍာရေးအရ မိမိကိုယ်မိမိ မှီခိုသည့်" ပုံစံသက်သက်တော့ မဟုတ်ပေ။ အစောပိုင်းသုတေသနပြုမှု[၁၀] အရ စည်ပင်အဖွဲ့များသည် ကိုယ်ပိုင်ဝင်ငွေအများစုဖြင့်သာ လည်ပတ်ကြပြီး၊ ကိုယ်ပိုင်အရင်းအမြစ်ဖြစ်သော မြို့ပြဝင်ငွေများကို ရှာဖွေခြင်းဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်သည့် အဖွဲ့အစည်းအဖြစ် အများက ထင်မြင်ကြပါသည်။ သို့ရာတွင် ဤသို့ယူဆရန်မှာ အဓိကအကြောင်းအချက် နှစ်ချက်အပေါ် တွင် အရည်အချင်းပြည့်မှီဖို့ (သုံးသပ်ဖို့) လိုအပ်ပါသည်။

ပထမအချက်အနေဖြင့် အချို့သောစည်ပင်အဖွဲ့များသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် တံဆိပ်ခေါင်းအခွန်နှင့် ဝင်ငွေခွန်ဝေစုကို ရရှိကြသည်။ ဒုတိယအချက်မှာ (အစောပိုင်းတွင် ဖော်ပြခဲ့ပြီးသကဲ့သို့) အချို့သော စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံမှ ဘဏ္ဍာငွေ လွှဲပြောင်းမှုအားရရှိနေခြင်းဖြစ်သည်။

စည်ပင်အဖွဲ့များသည် ၎င်းတို့အနီးတစ်ဝိုက်ရှိ ကျေးလက်ဒေသများမှရယူသော ဝင်ငွေအပေါ် တွင်လည်း မှီခိုနေရသည်။ စည်ပင်အဖွဲ့ဝင်ငွေစုစုပေါင်း၏ ကြီးမားသောပမာဏတစ်ခုမှာ မြို့ပြမဟုတ်သော ဒေသများတွင် လုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်းများအတွက် ထုတ်ပေးသော လိုင်စင်အတော်များများနှင့်အတူ လိုင်စင်လေလံများမှ ရယူထားခြင်းဖြစ်သည်။ အချို့စည်ပင်အဖွဲ့များ၏ ရငွေများ ကျေးလက်ဒေသများတွင် မြင့်တက်လာခြင်းသည် အံ့သြစရာမရှိပါ။

ခြုံငုံသုံးသပ်ရလျှင် မြို့ပြဒေသများ၌ ပြည်သူ့လိုအပ်ချက်ဖြည့်ဆည်းမှုနှင့် ဝန်ဆောင်မှုပေးခြင်းအား ဆောင်ရွက်ပေးသည့် စည်ပင်အဖွဲ့များသည် ပြည်ထောင်စုအစိုးရမှ ဝေမျှသည့် ရငွေများ၊ ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများမှ လွှဲပြောင်းငွေများနှင့် ၎င်းတို့၏ သက်ဆိုင်ရာမြို့ပြဒေသများမှ ကောက်ယူထားခြင်းမရှိသော ရငွေ(ဝင်ငွေ)များအပေါ် တို့တွင် မှီခိုနေသည်။ ဤကဲသို့ ပေါင်းစပ်ရရှိနေခြင်းသည် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခုတွင် ပြောင်းလဲမှုရှိသည်မှာ ထင်ရှားသော်လည်း၊ စည်ပင်အဖွဲ့များသည် ဘဏ္ဍာရေးအရ မိမိကိုယ်မိမိရပ်တည်နိုင်သည့် မြို့ပြအစိုးရများဖြစ်သည်ဟု ယူဆရန် အရေးကြီးသည့် စစ်ဆေးမှုဆိုင်ရာ ထောက်ကွက်တစ်ခုဖြစ်သည်။

[၁၀]Arnold et al. (2015) နှင့် UNDP's "State of Local Governance in Myanmar" လေ့လာမှုအတွဲများကို ကြည့်ပါ။ သို့ရာတွင် Bissinger (2016) ၏မှတ်ချက်အရ အများအားဖြင့် စည်ပင်အဖွဲ့များ၏ လိုင်စင်လေလံဆွဲခြင်းများမှ ရငွေများသည် ကျေးလက်အခြေပြုလိုင်စင်များ ဖြစ်ကြသည်။

## အပိုင်းလေး။ ။ စီမံကိန်းရွေးဆွဲခြင်း၊ ဘတ်ဂျက်(ရသုံးမှန်းခြေ ငွေစာရင်း) ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

### ရေရှည်ဆိုင်ရာ၊ မဟာဗျူဟာဆိုင်ရာနှင့် မြို့ပြဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း

ဒေသန္တရအဆင့် သို့မဟုတ် မြူနီစီပယ်(စည်ပင်သာယာရေး)စီမံကိန်း ရေးဆွဲမှုစနစ် အများစုမှာ သာမန်အားဖြင့် ရေရှည်(ကာလရှည်) သို့မဟုတ် မဟာဗျူဟာမူဘောင်တစ်ခု၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သည်ဟု ယူဆရသည်။ ၎င်းမူဘောင်များမှာ နှစ်စဉ် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များအတွက် မဟာဗျူဟာလမ်းညွှန်မှုပေးနိုင်ရန် ရည်ရွယ်သည်။

**ရေရှည်(ကာလရှည်)ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းရေးဆွဲခြင်းနှင့် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာများ -** မြန်မာနိုင်ငံတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၌ ရေရှည်စီမံကိန်းရေးဆွဲမှု အနည်းငယ်သာ ရှိပုံပေါ်သည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများ ကိုယ်တိုင်လည်း မြို့ပြဖွံ့ဖြိုးမှုအတွက်ရည်ရွယ်ပြီး ကာလရှည်စီမံကိန်းများ ရေးဆွဲခြင်း၊ ဖန်တီးခြင်းများလည်း မရှိသလို၊ ၎င်းကဲ့သို့သော မည်သည့်မဟာဗျူဟာကျသည့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင်လည်း မပါဝင်ပေ။ ဤလေ့လာမှုတစ်လျှောက် သွားရောက်ခဲ့သော မည်သည့်ပြည်နယ်/တိုင်းဒေသကြီးများတွင်မျှ မြို့ပြဖွံ့ဖြိုးရေး (သို့မဟုတ်) မည်သည့် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာအတွက်ကိုမဆို ဖော်ဆောင်မည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ထိ ကျယ်ပြန့်သော စီမံကိန်းရေးဆွဲမှုများအား စည်ပင်ဌာနများမှ ဖော်ပြခြင်း မရှိခဲ့ပေ။ ပြည်နယ်/တိုင်းဒေသကြီးများမှာ (နှိုင်းယှဉ်ချက်အားဖြင့်) နိုင်ငံရေးဆိုင်ရာ-အုပ်ချုပ်မှု ယူနစ်အသစ်များဖြစ်သည်ဟုဆိုလျှင် ဤကဲ့သို့ ရေရှည်စီမံကိန်းများ မရှိခြင်းအား နားလည်ပေးနိုင်ပါလိမ့်မည်။ စည်ပင်ဌာနများနည်းတူ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည်လည်း ဦးစားပေးလုပ်ဆောင်ရန်များအား ဖော်ထုတ်ရန် လိုအပ်နေပါသည်။

**စည်ပင်အဖွဲ့များ၏ ရေရှည်နှင့်မြို့ပြစီမံကိန်းရေးဆွဲခြင်း -** မြို့တော်များ/မြို့များ သို့မဟုတ် စည်ပင်အဖွဲ့များတစ်ခုချင်းစီအတွက် ကာလရှည် သို့မဟုတ် အလယ်အလတ်ကာလ စီမံကိန်းရေးဆွဲခြင်းများ ရှားပါးနေသည်။ စည်ပင်သာယာရေးအဖွဲ့အနည်းငယ်တွင် ထပ်မံပြင်ဆင်ထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ၅-နှစ် စီမံကိန်းများ သို့မဟုတ် ပုံမှန်ရင်းနှီးမြှုပ်နှံမှုများ ရှိကြသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းအတွက် နှစ်ရှည်နည်းစနစ်တစ်ခုကဲ့သို့ အလယ်အလတ်ကာလ ဘတ်ဂျက် သို့မဟုတ်အသုံးစရိတ်မူဘောင်ကိုအသုံးပြုခြင်းမရှိတော့ပေ။

လက်ရှိအချိန်တွင် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့ပြနှင့် ဒေသတွင်း ဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ (The Urban and Regional Development Planning Law)အား မူကြမ်းရေးဆွဲနေသော်လည်း၊ နိုင်ငံအတွင်းရှိ မြို့တော်နှင့်မြို့ပေါင်း (၅၆)မြို့တွင် မြို့စီမံကိန်းရေးဆွဲခြင်းများအားလည်း ဆောင်ရွက်နေပြီးဖြစ်သည်။ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နေပြည်တော်ပြင်ပတွင် ထင်ရှားမှုသိပ်မရှိဘဲ ပြည်နယ်/တိုင်းတစ်ခုချင်းစီတွင် ရုံးများဖွင့်ထားသည်ကိုသာ တွေ့ရသည်။[၁၁] သို့သော်လည်း မြို့ပြစီမံကိန်းရေးဆွဲသူအယောက်(၂၀)ကို၎င်းဌာန၏လခစားဝန်ထမ်းစာရင်းတွင်တွေ့ရသည်။

### နှစ်အလိုက်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် နှစ်စဉ်ဆောင်ရွက်သည့်ပုံစံအား အများအားဖြင့်တွေ့မြင်ရပြီး၊ နှစ်အလိုက်ဘတ်ဂျက်မူကြမ်းရေးဆွဲခြင်း၊ ပေးပို့ခြင်းနှင့် ဆောင်ရွက်ခြင်းများအပေါ်တွင် အာရုံပြုဆောင်ရွက်သည်။ စည်ပင်အဖွဲ့များ၏ နှစ်အလိုက်စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်း အဓိကအဆင့်များနှင့် လုပ်ငန်းစဉ်များအား အောက်ပါပုံတွင် ဖော်ပြထားသည်။





Figure 1- စည်ပင်အဖွဲ့/စည်ပင်ဌာန၏ နှစ်အလိုက်(နှစ်စဉ်) စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်အဆင့်များ

---

[၁၁] "New Urban Master Plans to be Introduced for 56 Locales" : http://www.mmbiztoday.com/articles/new-urban-master-plans-be-introduced-56-locales တွင်ကြည့်ပါ။

**ဘတ်ဂျက်ပြက္ခဒိန်များ (အချိန်ဇယားများ)**

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များ လိုက်နာရမည့် နှစ်အလိုက် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း အချိန်ဇယားမှာ အပြောင်းအလဲရှိသော်လည်း ယေဘုယျအားဖြင့် (နှိုင်းယှဉ်မှုအရ) တိုတောင်းသော အချိန်အတိုင်းအတာ (၁လ မှ ၂လ) တစ်ခုသာ ပေးထားသည်။ သို့သော် ယင်းအချိန်မှာ စည်ပင်အဖွဲ့များအတွက် အခက်အခဲမဖြစ်ပါ။ အကြောင်းမှာ စည်ပင်အဖွဲ့များ၏ ဘတ်ဂျက်ရွေးချယ်မှုအပိုင်းမှာ များစွာ မရှုပ်ထွေးသောကြောင့်ဖြစ်ပြီး၊ အခြားအကြောင်းတစ်ချက်မှာ စည်ပင်အဖွဲ့အတော်များများသည် ဘတ်ဂျက်ပြင်ဆင်မှုကို စောစီးစွာဖြင့် အလွတ်သဘော ဆောင်ရွက်ထားသောကြောင့်ပင်ဖြစ်သည်။ နှစ်လယ် ဘတ်ဂျက် ပြန်လည်သုံးသပ်၍ ပြုပြင်ပြီးခန့်မှန်းခြင်း (REs) မှာလည်း စည်ပင်အဖွဲ့/စည်ပင်ဌာန၏ ပုံမှန်လုပ်ငန်းစဉ်သာဖြစ်သည်။

မည်သည့် စည်ပင်ဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ/လွှတ်တော်များကမှ စည်ပင်အဖွဲ့ကပြုလုပ်ထားသည့် ရငွေခန့်မှန်းချက်များနှင့် သုံးစွဲရန်တို့အား ရွေးချယ်မှုများအပေါ် စွက်ဖက်ခြင်း မပြုလုပ်ကြပေ။ လက်တွေ့တွင် အတည်ပြုထားသော နှစ်စဉ်ဘတ်ဂျက်များမှာ စည်ပင်အဖွဲ့များက ပြင်ဆင်တင်ပြထားသမျှနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။

**ရငွေခန့်မှန်းချက်များနှင့် အမြင့်ဆုံးဘတ်ဂျက် သတ်မှတ်ချက် (Ceilings)၊ အမြင့်ပိုင်း (Caps) နှင့် အနိမ့်ပိုင်း (Floors)ကန့်သတ်ချက်**

နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းများနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများအတွက် စည်ပင်အဖွဲ့များသည် နှစ်စဉ် ဝင်ငွေခန့်မှန်းသည့် မူဘောင်အတွင်း ရေးဆွဲရသည်။ စည်ပင်အဖွဲ့များအနေဖြင့် ၎င်းတို့စီစဉ်ထားသည့် အသုံးစရိတ်များကို မသတ်မှတ်မီ နှစ်စဉ်ဝင်ငွေအမြင့်ဆုံး မည်မျှရနိုင်ကြောင်း ခန့်မှန်းရန်လိုအပ်ခြင်းကို ကောင်းစွာသိရှိပါသည်။ ဝင်ငွေမည်မျှရာဖွေနိုင်မည်ဆိုသည့် အချက်ပေါ် မူတည်ပြီး မည်မျှသုံးစွဲနိုင်မည်ဆိုသည်ကို စည်ပင်သာယာရေးအဖွဲ့များက ဆုံးဖြတ်သည်။

စည်ပင်အဖွဲ့များသည် ပြီးခဲ့သောနှစ်မှ အမှန်တကယ် (သို့မဟုတ် ပြင်ဆင်ထားသော) ရငွေများနှင့် တူညီသော သို့မဟုတ် ပိုများသော လုံးပေါင်းရငွေ ခန့်မှန်းချက်တစ်ခုအပေါ်တွင် မူတည်၍ အမြင့်ဆုံးဘတ်ဂျက်သတ်မှတ်ချက် (Ceilings) အား ရေးဆွဲသည်။ ထို့နောက် လုံးပေါင်းဘတ်ဂျက်ရငွေ၏ (၅% မှ ၁၀% အထိ ပြောင်းလဲမှုရှိသော) ရာခိုင်နှုန်းငယ်တစ်ခုအား စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်ရှိ ဘဏ္ဍာရေး (လိုငွေ) ကွာဟချက်များထဲသို့ ပြန်လည်ထည့်ဝင်ပေးဝေသည်။ ဆက်လက်ပြီး ကျန်ရှိသောပမာဏ (သို့တည်းမဟုတ် အသားတင် အမြင့်ဆုံးဘတ်ဂျက်သတ်မှတ်ချက် - Net Budget Ceilings) အား အမြင့်ပိုင်းနှင့် အနိမ့်ပိုင်းကန့်သတ်ချက်များ ထပ်မံခွဲခြမ်းသည်။ ငွေလုံးငွေရင်းအသုံးစရိတ်အား စုစုပေါင်းအသုံးစရိတ်၏ (၅၀% မှ ၅၅%) ကြားတွင် အနိမ့်ပိုင်းသတ်မှတ်ချက်ထားသောကြောင့် သာမန် အသုံးစရိတ်ကို စုစုပေါင်းသုံးစွဲမှု၏ (၄၅% မှ ၅၀%) ၌ အမြင့်ပိုင်း သတ်မှတ်ချက်ထားသည်။ လစာပေးငွေအသုံးစရိတ်အား စုစုပေါင်း အသုံးစရိတ်၏ (၃၀%) အထိ အမြင့်ပိုင်းသတ်မှတ်ချက်ထားသည်။ (မှတ်ချက်။ ။ သာမန်အသုံးစရိတ်ထဲတွင် လစာပေးငွေအသုံးစရိတ် ပါဝင်ပြီးဖြစ်သည်။) ခြုံငုံသုံးသပ်ရလျှင် ဤအမြင့်ပိုင်းနှင့် အနိမ့်ပိုင်း သတ်မှတ်ချက်များသည် စည်ပင်အဖွဲ့များ၏ နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဆောင်ရွက်မှုများတွင် အကန့်အသတ်များ သတ်မှတ်ပေးပြီး ဖြစ်နေသည်ကို တွေ့ရှိရသည်။

**ရွေးချယ်မှုများ - ရွေးစရာများနှင့် ဦးစားပေးများ**

**ရငွေများ -** ခန့်မှန်းရငွေပမာဏသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် မများလျှင်သော်မှ အနည်းဆုံး ညီတူညီမျှဖြစ်ရမည်ဟူသော အုပ်ချုပ်ရေးနှုန်းစံများကြောင့် စည်ပင်အဖွဲ့များသည် တစ်နှစ်ထက်တစ်နှစ် ၎င်းတို့၏ ရငွေခန့်မှန်းချက်များ တိုးလာစေရန် လုပ်ရသဖြင့် ရွေးချယ်စရာအကန့်အသတ်ရှိသည့်သဘောတွေ့ရသည်။စည်ပင်အဖွဲ့များအနေဖြင့် ခန့်မှန်းရငွေများ တိုးတက်အောင် မည်သို့ရွေးချယ်လုပ်ဆောင်သည်ကို ရှင်းလင်းစွာမသိရသော်လည်း၊ နည်းလမ်းနှစ်သွယ်ဖြင့် လုပ်ဆောင်သည်ကို တွေ့ရသည်။ ပထမအချက်အနေဖြင့် အခွန်များ၊ အခကြေးငွေများ၊ သတ်မှတ်ကြေးများ ကောက်ခံရာတွင် တိုးမြှင့်ကောက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းလိုင်စင် အရေအတွက်များ ပိုမိုခွင့်ပြုပေးခြင်းတို့ဖြစ်ကြသည်။ ဒုတိယအချက်အနေဖြင့် နှစ်စဉ် လိုင်စင်လေလံများအတွက်ကြမ်းခင်းဈေးများတိုးမြှင့်ခြင်းတို့ဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေအား တိုးပွားစေနိုင်သည်။

**အသုံးစရိတ် -** အသုံးစရိတ်များအတွက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် စည်ပင်သာယာရေးအဖွဲ့များသည် ရှိနေသော အရင်းအမြစ်များ၊ မူဘောင်များအတွင်း လုပ်ဆောင်ရခြင်းကြောင့် ဦးစားပေး အသုံးစရိတ်များ သတ်မှတ်ရန် အကန့်အသတ်များ ရှိပါသည်။

**ဘတ်ဂျက်မှသာမန်အသုံးစရိတ်များ -** စည်ပင်သာယာရေးအဖွဲ့များသည် သာမန်အသုံးစရိတ်များအတွက် များစွာ ရွေးချယ်ခွင့်မရှိပါ။ စုစုပေါင်း သာမန်အသုံးစရိတ်မှာ စုစုပေါင်းဘတ်ဂျက်၏ ၅၀% သာ အများဆုံးသုံးစွဲရန် ကန့်သတ်ထားပြီးသားဖြစ်သည်။ စုစုပေါင်း သာမန်အသုံးစရိတ်၏ ရာခိုင်နှုန်းတော်တော်များများမှာ ပြုလွယ်ပြောင်းလွယ်သိပ်မရှိသော လစာပေးငွေ အသုံးစရိတ်နှင့် ပုံမှန်လည်ပတ်ကုန်ကျငွေများဖြစ်ကြသည်။ ကျန်ရှိသော သာမန်အသုံးစရိတ်များထဲမှ အချို့သော ဝန်ဆောင်မှုများနှင့် အခြားလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ဘဏ္ဍာငွေ များစွာမလုံလောက်ပါ ။

**(က) ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များ**

စည်ပင်အဖွဲ့များသည် ငွေလုံးငွေရင်းအသုံးစရိတ် (ရင်းနှီးမြှုပ်နှံမှု) များအတွက် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင်လည်း ရွေးချယ်စရာ အနည်းငယ်သာရှိသည်မှာ ထင်ရှားသည်။ စည်ပင်အဖွဲ့များသည် ၎င်းတို့အား ဥပဒေအရပေးအပ်ထားသော လုပ်ပိုင်ခွင့်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရွေးချယ်ရာတွင် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များရှိနေသည်။ အခြားငွေကြေးပိုင်းဆိုင်ရာ အကန့်အသတ် လိုအပ်မှုများကြောင့်လည်း ရင်းနှီးမြှုပ်နှံမှု ရွေးချယ်စရာလမ်းကြောင်း အတော်များများကို လျှော့ချရသည်များလည်းရှိသည်။

အစိုးရအချင်းချင်းကြား ဘဏ္ဍာငွေ ထောက်ပံ့လွှဲပြောင်းနိုင်မှုမှာလည်း အကန့်အသတ်များစွာရှိနေပြီး၊ ငွေချေးယူနိုင်စွမ်းလည်းမရှိပါ။[၁၂] စည်ပင်အဖွဲ့များသည် ၎င်းတို့၏ ငွေလုံးငွေရင်းအသုံးစရိတ်များအဖြစ်၊ သာမန်အသုံးစရိတ်များ သုံးစွဲပြီးနောက် ကျန်ရှိငွေကို အသုံးပြုကြပါသည်။ ထိုအချက်များကြောင့် စည်ပင်အဖွဲ့များလုပ်ဆောင်နိုင်သော ရင်းနှီးမြှုပ်နှံမှု အရွယ်အစား(အမျိုးအစား)များကို ချုံ့လိုက်သကဲ့သို့ ဖြစ်စေသည်။

ထို့ကြောင့်ပင်လျှင် စည်ပင်အဖွဲ့အများစုအနေဖြင့် ရွေးချယ်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို လက်တွေ့တွင် အဓိကအမျိုးအစား နှစ်မျိုး ခွဲခြားထားသည်။ ၎င်းတို့မှာ - လမ်းမများနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အအုံအမျိုးအစားများနှင့် ယာဉ်၊ ပစ္စည်းကိရိယာများ ဝယ်ယူခြင်းတို့ဖြစ်သည်။ ထိုအခြေအနေတွင် စည်ပင်အဖွဲ့များသည် ရေမြောင်းများ၊ လူသွားလမ်းပလက်ဖောင်းများအပါအဝင်၊ လမ်းတံတားနှင့်သက်ဆိုင်သော အခြေခံအဆောက်အအုံဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဘဏ္ဍာငွေသုံးစွဲရန် ရွေးချယ်နိုင်သည်။ မည်သည့်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပြုမည်ဆိုသည်ထက် စည်ပင်အဖွဲ့များသည် လမ်းတံတားများ ဆောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများအား အဓိက ရွေးချယ်သည်ကို တွေ့ရသည်။ နှစ်စဉ်ငွေလုံးငွေရင်းဘတ်ဂျက်များ ရေးဆွဲခြင်းတွင် လမ်း/တံတား ဆောင်ရွက်မှုများအား ဦးစားပေးဖော်ပြရလျှင်၊ စည်ပင်အဖွဲ့များ၏ ရွေးချယ်မှုများအား အဓိကစဉ်းစားနိုင်စရာ အချက်နှစ်ချက်ဖြင့် လွှမ်းမိုးထားပုံရသည်။

ပထမအချက်အနေဖြင့် လမ်း/တံတားကဏ္ဍတွင် သုံးစွဲရန် အစီအစဉ်များသည် ဒေသဆိုင်ရာ လိုအပ်ချက်များ၏ လွှမ်းမိုးမှုများ ခံနေရသည်။ စည်ပင်အဖွဲ့ဝန်ထမ်းများအနေဖြင့် (၂၀၁၁) ခုနှစ်မှ စတင်လိုက်သည့် ပြည်ထောင်စုအစိုးရ၏ လူထုဗဟိုပြုချဉ်းကပ်နည်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်ပုံစံကို ပြောင်းလဲရန် မလွယ်ကူပါ။ အထူးသဖြင့် (၂၀၁၃) ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီများ ပထမဆုံးပေါ်ပေါက်လာပြီး မြို့ပြလမ်းမများဆောင်ရွက်ရန် ရွေးချယ်မှုကို ဒေသခံပြည်သူများနှင့် အသိုင်းအဝိုင်းတို့က ပုံဖော်ခဲ့ကြသည်။ စည်ပင်အဖွဲ့ဝန်ထမ်းများ ပြောဆိုချက်များအရ ဒေသအလိုက် ရွေးကောက်တင်မြှောက်သည့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များသည် ပြည်သူလူထုများနှင့် အလွတ်သဘော အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး၊ လူထုနှင့်ရပ်ရွာက မည့်သည့်အရာများတွင် ဦးစားပေးလုပ်ဆောင်လိုသည်များကို သိရှိလာကြသည်။ ၎င်းအခြေအနေသည် လမ်းတံတားလုပ်ငန်းများစွာကို ပျံ့ကျဲလုပ်ဆောင်ရသည့် အခြေအနေသို့ ရောက်ရှိသွားတတ်သည်။ သို့ရာတွင် စည်ပင်အဖွဲ့များအနေဖြင့် ဒေသလိုအပ်ချက်ကို တတ်နိုင်သမျှ၊ များနိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်သောကြောင့် ပြည်သူများနှင့် ရပ်ရွာမှ အလေးထားသည့် လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ထည့်သွင်းစဉ်းစားကာ လမ်း/တံတားစီမံကိန်းများအား ဖြန့်ကျက်၊ တိုးချဲ့ဖော်ဆောင်ပေးနိုင်သည်။

ဒုတိယအချက်အနေဖြင့် လမ်း/တံတား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ ဦးစားပေးအစီအစဉ်များကို နည်းစနစ်ပိုင်းဆိုင်ရာ စဉ်းစားချက်များကသာ ဆုံးဖြတ်သည်။ စည်ပင်အဖွဲ့ အင်ဂျင်နီယာများအနေဖြင့် မြို့တွင်းရှိ မည်သည့်နေရာမှလမ်းများသည် အဆင့်မြှင့်ရန်၊ ပြုပြင်ရန် လိုအပ်နေသည်၊ မည်သည့်လမ်းအပိုင်းက ဝန်ဆောင်မှု သို့မဟုတ် စီးပွားရေးကို အထောက်အကူပြုသည်၊ မည်သည့် လမ်းမများကို အများဆုံးသုံးစွဲသည် စသည်တို့အား ရှင်းလင်းစွာသိနိုင်သော အမြင်ရှိကြသည်။ မည်သည့် မြို့ပြလမ်းကွန်ရက်များတွင် အဆင့်မြှင့်၊ ပြုပြင်ရန် သို့မဟုတ် ထိန်းသိမ်းရန်လိုအပ်သည်ကို ဆုံးဖြတ်ခြင်းအတွက် ရှင်းလင်းကောင်းမွန်သည့် အကြောင်းရင်းများရှိနေသော်လည်း နှစ်စဉ် ဘတ်ဂျက်ရေးဆွဲရာတွင် မဟာဗျူဟာမြောက် ရေရှည်စီမံကိန်းများ ထည့်သွင်းရေးဆွဲနိုင်ရန် အတွက် ၄င်းအကြောင်းရင်း၊ သတင်းအချက်အလက်များအား ထည့်သွင်းခြင်းမရှိဟု ယူဆရသည်။

**ဌာနတွင်းအင်အားစုကို အသုံးပြုသည့် နည်းလမ်းများ -** စည်ပင်အဖွဲ့များသည် "ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုများပေးခြင်း" လုပ်ငန်းများကို "ပုံမှန်အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ်များ" အဖြစ်သာ တွေးထင်လေ့ရှိပြီး၊ စီမံကိန်းရေးဆွဲခြင်း သို့မဟုတ် ဘတ်ဂျက် ရေးဆွဲခြင်းလုပ်ငန်းများနှင့် မသက်ဆိုင်ဟု ယူဆထားကြလေ့ရှိသည်။ သို့သော် စည်ပင်အဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုပေးသောနည်းလမ်းများတွင် "ဌာနတွင်းအင်အားစုနည်းလမ်း" အသုံးပြုမှုကို ရှင်းရှင်းလင်းလင်းတွေ့နိုင်ပြီး၊ ၄င်းအချက်သည် စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် လွှမ်းမိုးမှုများရှိသည့်သဘောတွေ့ရသည်။

လမ်းလုပ်ငန်းများတွင် ဌာနတွင်းအင်အားစုကိုသုံးသော နည်းလမ်းအားအသုံးပြုခြင်းဖြင့် စည်ပင်သာယာရေးအဖွဲ့များအတွက် အသေးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် လုပ်ငန်းအပိုင်းအစများ လုပ်ဆောင်ခြင်းများအား လွယ်ကူစေသည်။ အစိုးရ၏ ပစ္စည်းဝယ်ယူရေးစနစ်များမှ တဆင့် ပုဂ္ဂလိက လမ်းကန်ထရိုက်များကို အလုပ်အပ်မည်ဆိုပါက၊ တင်ဒါခေါ်ယူမှုတွင် ရင်းနှီးမြှုပ်နှံနိုင်ခြေရှိသူများ ယှဉ်ပြိုင်လာစေရေးအတွက် ဆွဲဆောင်ရန်အလို့ငှာ စည်ပင်အဖွဲ့များအနေဖြင့် ပိုကြီးသော ဆောက်လုပ်ရေး/ အဆင့်မြင့်စီမံကိန်းများကို စုစည်းပေးရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။ ဌာတွင်းအင်အားစုအသုံးပြုခြင်းနည်းလမ်းစနစ်သည် များပြားသည့် သေးငယ်ပြီး စနစ်မကျသော အစိတ်အပိုင်းလုပ်ငန်းစီမံကိန်းများအတွက် ဘတ်ဂျက်ရေးဆွဲရန် လွယ်ကူစေသည်။ စည်ပင်အဖွဲ့များသည် "ဌာနတွင်းအင်အားစု နည်းလမ်းအရဘတ်ဂျက် (Force Account Budget)" ဖြင့် ရပ်ရွာအသိုင်းအဝိုင်း၏ ကိုယ်ထူကိုယ်ထ လုပ်ဆောင်မှုများအတွက် (ပြည်သူဘဏ္ဍာစာရင်း ထည့်သွင်းခြင်းမရှိသော) နည်းပညာကျွမ်းကျင်မှုနှင့် ပစ္စည်း၊ ကိရိယာသွင်းအားစုတို့ကို ထည့်ဝင်ပေးမှုပြု၍ ကူညီထောက်ပံ့ပေးနိုင်လိမ့်မည်ဖြစ်သည်။

[၁၂] စည်ပင်အဖွဲ့များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ခွင့်ပြုချက်ဖြင့် ငွေချေးယူခြင်းအား တရားဝင်လုပ်ဆောင်နိုင်သော်လည်း (Arnold et al. 2015 တွင်ကြည့်ပါ)၊ လက်တွေ့တွင် ဤကဲ့သို့မပြုလုပ်ပါ။

**ဘတ်ဂျက်တင်သွင်းခြင်းနှင့် အတည်ပြုခြင်း** - သမားရိုးကျအားဖြင့် စည်ပင်အဖွဲ့များ၏ နှစ်စဉ်ဘတ်ဂျက်ရေးဆွဲမှုများအား ၎င်းတို့၏ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ အတည်ပြုသည်။ သို့သော်ငြားလည်း ဤအချက်သည် ဘတ်ဂျက်တင်သွင်းခြင်း လုပ်ငန်းစဉ်၌ အဓိကအဆင့်တစ်ခုနေဖြင့်မတွေ့ရဘဲ လုပ်ရိုးလုပ်စဉ်တစ်ခုမျှသာ ဖြစ်နေသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီများ အနေဖြင့် ဘတ်ဂျက်ကြိုတင်ပြင်ဆင်ရေးဆွဲမှုတွင် ထဲထဲဝင်ဝင် ပါဝင်နေပြီး၊ ဘတ်ဂျက်တင်သွင်းမှုအား အနီးကပ်စစ်ဆေးခြင်းတွင် ကဏ္ဍတစ်ရပ်အနေဖြင့် ကောင်းစွာ မဆောင်ရွက်နိုင်တော့ပေ။

စည်ပင်အဖွဲ့များသည် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းအများစုတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက် တစ်စိတ်တစ်ပိုင်းရှိသည့်ပုံစံဖြင့် လုပ်ဆောင်နေသော်လည်း၊ ၎င်းတို့၏ နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်များသည် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများ၏ အတည်ပြုဘတ်ဂျက်တွင် ပေါင်းစပ်ပါဝင်နေသည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများ၏ နှစ်စဉ်ဘတ်ဂျက်ကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့မှတဆင့် သက်ဆိုင်ရာလွှတ်တော်တွင် အတည်ပြုချက်ရယူရန် တင်ပြရပြီး၊ စည်ပင်အဖွဲ့တစ်ခုချင်းစီ၏ နှစ်စဉ်ဘတ်ဂျက်များကိုမူ မတင်ပြရပေ။ ၎င်းအချက်မှာ အခြားတိုင်းပြည်များမှ မြူနီစီပယ်စနစ်များနှင့် သိသာစွာ ခြားနားနေသည့် အချက်ဖြစ်ပြီး ထိုနိုင်ငံများတွင် မြူနီစီပယ်အစိုးရတစ်ခုချင်းစီသည် ကိုယ်ပိုင်ရပ်တည်သည့် နှစ်စဉ်စီမံကိန်းများနှင့် ဘတ်ဂျက်များရှိပြီး ၎င်းတို့၏ ဒေသန္တရ မြူနီစီပယ်ကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူသည့် ပုံစံဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ဌာနများသည် နှစ်စဉ် စီမံကိန်းရေးဆွဲခြင်း/ ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဆိုင်သော လုပ်ငန်းအမျိုးမျိုးအတွက် တာဝန်ရှိသည့်အပြင်၊ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနရုံးများ အတွက် လုပ်ငန်းလည်ပတ်သုံးစွဲရန် ဘတ်ဂျက်ရေးဆွဲခြင်း၊ စည်ပင်အဖွဲ့များအတွက် ဘတ်ဂျက်လျာထားချက်များ၊ အမြင့်ဆုံးသတ်မှတ်မှုနှင့် သုံးစွဲရမည့်ခေါင်းစဉ်များကို ထိန်းကျောင်းခြင်း၊ လမ်းညွှန်မှုများပေးခြင်း၊ ပိုငွေပြနေသည့် စည်ပင်အဖွဲ့များ၏ ဝင်ငွေများအား လိုငွေပြနေသည့် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနရုံးများနှင့် ဘဏ္ဍာရေးအခြေအနေမလှသော စည်ပင်အဖွဲ့များအတွက် ငွေကြေးထောက်ပံ့ရန် အလို့ငှာ စည်ပင်အဖွဲ့ရုံးအားလုံးအတွက် ဝင်ငွေကို ပြန်လည်ခွဲဝေခြင်းနှင့် မျှတအောင်ဆောင်ရွက်ခြင်း၊ စည်ပင်အဖွဲ့ရုံး တစ်ခုချင်းစီ၏ ဘတ်ဂျက် အရ/အသုံး အကောင်အထည်ဖော်မှုအစီရင်ခံစာများအား လက်ခံပေးပြီး စောင့်ကြည့်လေ့လာကာ စည်ပင်အဖွဲ့/စည်ပင်ဌာန ဘဏ္ဍာရေးအစီရင်ခံစာအားလုံးကို ဦးစီးဌာန၏ အစီရင်ခံစာတစ်ခုအဖြစ် စုစည်းပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရသို့ တင်သွင်းခြင်းစသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ရသည်။ စည်ပင်ဌာနရုံးများသည် စည်ပင်အဖွဲ့ရုံးများအား ဘတ်ဂျက် အမြင့်ဆုံးအခြေအနေနှင့် စံနှုန်းများကို လိုက်နာမှုသေချာစေရန် လုပ်ဆောင်ရုံမှတစ်ပါး စည်ပင်အဖွဲ့များကတင်သွင်းသည့် နှစ်စဉ်ဘတ်ဂျက်များ၏ အသေးစိတ်အချက်များကို ပြင်ဆင်မှု၊ ညှိနှိုင်းမှုတို့ကို လုပ်ဆောင်နိုင်ပုံမရပါ။ အချုပ်ဆိုရလျှင် ပြည်နယ်/တိုင်းဒေသကြီးများ၏ စည်ပင်အဖွဲ့/စည်ပင် ဌာနစနစ်များကို ဒေသန္တရအဆင့် "စည်ပင်သာယာရေးဝန်ကြီးဌာနများ" အဖြစ် သတ်မှတ်ပုံဖော်နိုင်ပြီး၊ ၎င်းတို့သည် ဗဟိုချုပ်ကိုင်မှုကို များစွာလျှော့ချထားသည့် ဌာနများဖြစ်ကြသည်။

## အပိုင်း၄။ ။ တွေ့ရှိချက်များနှင့် ဆွေးနွေးချက်

### အုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ၄င်းတို့၏ ယခင်မူရင်းပုံစံဖြစ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခု၏ အစိတ်အပိုင်းဖြစ်ခဲ့မှုကြောင့်၊ အုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်း (Administrative Discipline) များမှာ မြင့်မားသည်။ နှစ်အလိုက် ဘတ်ဂျက်များရေးဆွဲပြီး အချိန်မှန်ပေးပို့ရခြင်း၊ ဘတ်ဂျက်(ရသုံးမှန်းခြေငွေစာရင်း)များမှာ မျှခြေဖြစ်နေခြင်း၊ ဘဏ္ဍာရေးအစီရင်ခံမှုများမှာ စနစ်ကျပြီး သမားရိုးကျပုံစံဖြစ်ခြင်း၊ စံသတ်မှတ်ထားသော အစီအစဉ်ပုံစံများအား နှစ်စဉ်အသုံးပြုခြင်းတို့ကို တွေ့ရသည်။ အခြားနိုင်ငံများမှ ရေးရိုးစွဲနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြူနီစီပယ်အစိုးရအဖွဲ့များနှင့် နှိုင်းယှဉ်လျှင်၊ မြန်မာနိုင်ငံ၏ စည်ပင်သာယာရေးအဖွဲ့များမှာ လုပ်ထုံးလုပ်နည်းကျနသော စံသတ်မှတ်ချက်များနှင့် အုပ်ချုပ်မှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများရှိသော ပုံစံများပင်ဖြစ်သည်။

**ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ -** စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် အကန့်အသတ်ဖြစ်သော ဘဏ္ဍာရေးအရင်းအမြစ်များဖြင့် အလွန်အမင်း ကန့်သတ်ခံထားရသည်။ ၄င်းတို့ကိုယ်တိုင် ရငွေ(ဝင်ငွေ)များကို ရှာဖွေထောက်ပံ့နိုင်သည့် အခွင့်အလမ်းများရှိသော်လည်း၊ မလွှဲမရှောင်သာ၊ ကန့်သတ်ခံနေရသည့် အခြေအနေဖြစ်သည်။ ဒေသန္တရ ရငွေများအပေါ် အများစုမှီခိုနေရခြင်းသည် ၄င်းတို့၏ လုပ်ပိုင်ခွင့်/လုပ်ကိုင်နိုင်စွမ်းအချို့အား ပြည့်မီရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းငှာ မတတ်နိုင်ဟု ဆိုလိုသည်။ ဤအချက်သည် အထူးသဖြင့် ဆက်နွယ်နေသောအခြေခံအဆောက်အအုံသဘောအရ ပိုမှန်သည်။ (ဥပမာ ပိုက်ဖြင့် ရေပေးဝေခြင်း၊ ရေသန့်စင်ခြင်း သို့မဟုတ် ရေဆိုးထုတ်ခြင်း)

ရငွေ(ဝင်ငွေ)အရင်းအမြစ်များ - စည်ပင်ရငွေ လျာထားသတ်မှတ်ခြင်းနှင့် စည်ပင်လုပ်ငန်း လျာထားသတ်မှတ်ခြင်းကြားတွင် မကိုက်ညီမှုတစ်ခုရှိသည်။ စည်ပင်အဖွဲ့များသည် အထူးသဖြင့် ၄င်းတို့၏ တစ်ခုတည်းသောအကြီးဆုံးအစိတ်အပိုင်းဖြစ်သည့်လိုင်စင်လေလံရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများမှ (ရငွေအရင်းအမြစ်များ) ထုတ်ယူသွားပြီး (မြို့ပြနေလူဦးရေအတွက် အကျိုးပြုသည့်) မြို့ပြဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအပေါ် ဘဏ္ဍာငွေထောက်ပံ့ပေးနေသည်။[၁၃] ဤနေရာတွင် စည်ပင်ဝန်ထမ်းများနှင့် အရာရှိများသည် အခြေခံအချက်နှစ်ချက်အား ထောက်ပြကြသည်။ - (က) နိုင်ငံသားများမှ တိုးလာသော ပိုင်ဆိုင်မှုအခွန် (အိမ်ခွန်) နှုန်းထားအား ပေးဆောင်ရန်တွန့်ဆုတ်မှု နှင့် (ခ) တိုးလာသော ပိုင်ဆိုင်မှုအခွန်နှုန်းထားများ၏ အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းစနစ်များ ရှုပ်ထွေးမှု တို့ဖြစ်ကြသည်။

**စံသတ်မှတ်ချက်များနှင့် လက်တွေ့ကျင့်သုံးမှု -** စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင် စံနှုန်းနှင့်မူဘောင်အနည်းငယ်အတွင်း၌သာ ဆောင်ရွက်နေရသဖြင့် ဤအချက်သည် ဘတ်ဂျက်ရလဒ်များအပေါ် သက်ရောက်မှုရှိနေသည်။ အဆိုပါမူဘောင်အရ ဘတ်ဂျက်၏ ၅၀% ခန့်အား ငွေလုံးငွေရင်းအသုံးစရိတ်အတွက်သာ သတ်မှတ်ခြင်းခံရပြီး၊ ၄င်းငွေလုံးငွေရင်းမှာလည်းလမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံတွင်သာ သုံးစွဲရန် ရွေးချယ်ခွင့်ပေးထားသကဲ့သို့ ဖြစ်နေသည်။ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုကဲ့သို့သော စည်ပင်လုပ်ငန်းများသည် သာမန်အသုံးစရိတ်များအပေါ် မှီခိုနေရပြီး၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သုံးစွဲမှုနည်းပါးနေသည်ကို တွေ့ရသည်။

**ကာလရှည်ဆိုင်ရာ၊ မဟာဗျူဟာဆိုင်ရာနှင့် မြို့ပြဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း -** စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များအနေဖြင့် သင့်လျော်သည့် ကာလရှည်(နှစ်ရှည်)ဆိုင်ရာ၊ မဟာဗျူဟာကျသော မည်သည့်မြို့ပြစီမံကိန်း လုပ်ငန်းများကိုမျှ လုပ်ဆောင်နေပုံ မပေါ်ပါ။ မဟာဗျူဟာကျပြီး၊ ကျယ်ပြန့်သောစီမံကိန်းမူဝါဒများ မရှိခြင်းသည် စည်ပင်အဖွဲ့/စည်ပင်ဌာနများအနေဖြင့် နှစ်စဉ် ဘတ်ဂျက်စက်ဝန်း(နှစ်စဉ်ရသုံးမှန်းခြေစာရင်း)အပေါ်၌သာ လုံးဝမှီခိုနေရသကဲ့သို့ ဖြစ်သည်။ ၄င်းသည် စည်ပင်အဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ (ငွေလုံးငွေရင်းအသုံးစရိတ်များ)တွင် ယာယီဆန်ခြင်း၊ ပျက်တောက်ခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ရခြင်း၊ လုပ်ငန်းများ ထိရောက်မှုမရှိခြင်း စသည့်အချက်များအား ဖြစ်ပေါ်စေသည်။ စည်ပင်အဖွဲ့များ၏ စီမံကိန်းရေးဆွဲခြင်းများသည်အခြားသောအများပြည်သူနှင့်သက်ဆိုင်သည့် အစိုးရလုပ်ငန်းဌာနများမှ ရေးဆွဲသည့် စီမံကိန်းများအပေါ် ကိုးကားမှုအနည်းငယ်ဖြင့်သာ ရေးဆွဲနေကြသည်။

**ပူးပေါင်းပါဝင်မှု၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် -** နိုင်ငံသားများအနေဖြင့် စည်ပင်အဖွဲ့များ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများတွင် နည်းလမ်းနှစ်သွယ်ဖြင့် ပူးပေါင်းပါဝင်နိုင်သည်။ ပထမအချက်အနေဖြင့် ၄င်းတို့သည် နှစ်အလိုက် စီမံကိန်းဦးစားပေးလုပ်ငန်းများ ရေးဆွဲရာတွင် ဆွေးနွေးတိုင်ပင် ညှိနှိုင်းမှုများမှတစ်ဆင့် တိုက်ရိုက်ပါဝင်နိုင်သည်။ သို့သော် ထိုသို့ လုပ်ဆောင်ရာတွင် အလွတ်သဘောဆန်ပြီး၊ စနစ်ကျသည့် ရပ်ကွက်အခြေပြု ဆွေးနွေးခြင်းများအားအခြေခံနိုင်ခြင်းမရှိပေ။ ဒုတိယအချက်အနေဖြင့် မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များမှတစ်ဆင့် ပူးပေါင်းပါဝင်နိုင်သည်။ သို့ရာတွင် လက်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲသဘောတရားများ၊ ကျား/မ၊ အသက်အရွယ်များတွင် ကော်မတီဝင်များ၏ ကိုယ်စားပြုမှုမှာ အကန့်အသက်ဖြင့် ရှိနေသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီများအနေဖြင့် စည်ပင်အဖွဲ့များကို အောက်ခြေသို့ တာဝန်ခံမှုရှိစေရန် တရားဝင် တွန်းအားပေးမှု

[၁၃] ၄င်းအချက်သည် စီးပွားရေးလုပ်ငန်းဆိုင်ရာစည်းမျဉ်းများ သို့မဟုတ် ဒေသန္တရ စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှု၏ နည်းလမ်းတစ်ခုအနေဖြင့် လိုင်စင်လေလံများအား မေးခွန်းမထုတ်သော်လည်း၊ Bissinger 2016 တွင် ပါဝင်သော ဆွေးနွေးချက်တစ်ခုအား လေ့လာကြည့်ရှုသင့်သည်။ အဆိုပါလိုင်စင်လေလံများသည် ဒေသတွင်းဈေးကွက်များအား အနှောက်အယှက်ပေးသည်။ - သုံးစွဲမှုအတွက် အနုတ်လက္ခဏာဆောင်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုတွင် မက်မောစရာ(မျှော်လင့်စရာ)ကင်းမဲ့စေခြင်း စသည့် အကျိုးသက်ရောက်မှုမျိုး ရှိစေသည်။

တစ်စုံတစ်ရာ ပြုလုပ်ခဲ့သည်။ သို့သော် ကော်မတီဝင်များသည် အထက်သို့ တင်ပြသည့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေကြသည့် (စောင့်ကြည့်ခြင်းမလုပ်နိုင်တော့သည့်) အတွက် အဆိုပါတွန်းအားပေးမှုမှာ ဝေဝါးနေသည်။

တရားဝင် တာဝန်ခံယူမှု တာဝန်ခံမှု အစီအစဉ်များရှိနေသည့်တိုင် စည်ပင်အဖွဲ့များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မြင့်မားစွာရရှိနေသည်။ ဒေသန္တရအဆင့်ရှိ အများပြည်သူဆိုင်ရာကဏ္ဍနှင့်သက်ဆိုင်သော စနစ်အားလုံးအနေဖြင့် ဆိုရလျှင် အထက်မှ-အောက်သို့ညွှန်ကြားသည့် လုပ်ငန်းစဉ်များနှင့် စံသတ်မှတ်ချက်များရှိကြသည်။ သို့သော် စည်ပင်အဖွဲ့များမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်မှုတစ်ခု ပေးအပ်ခြင်းခံထားရပြီး၊ ဤအချက်မှာ အခြားသောအစိုးရဌာနများနှင့် သိသာထင်ရှားစွာ ခြားနားသည့်အချက်ဖြစ်သည်။

## အပိုင်းခြောက်။ ။ အကြံပြု တင်ပြချက်များ

**စည်ပင်အဖွဲ့/စည်ပင်ဌာန ဘဏ္ဍာရေး၊ စီမံကိန်း/ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခြေခံအဆောက်အအုံ/ဝန်ဆောင်မှုပေးခြင်း**

**စည်ပင်အဖွဲ့၏ အရင်းအမြစ်များနှင့် ပြည်ထောင်စုအဆင့်အောက် (တိုင်းဒေသကြီးပြည်နယ်အဆင့်) ရငွေများ** - ရေတိုကာလတွင် စည်ပင်အဖွဲ့များ၏ ဝင်ငွေစီမံခန့်ခွဲအုပ်ချုပ်သည့်ပုံစံကို အားကောင်းစေရန် လုပ်ဆောင်ပေးကာ အခွန်များနှင့် အခကြေးငွေများ ပိုမိုကောက်ခံနိုင်ရန် လုပ်ပေးရမည်ဖြစ်သည်။ အလယ်အလတ်ကာလအပိုင်းအခြား၌ စည်ပင်အဖွဲ့များအတွက် ကိုယ်ပိုင်အရင်းအမြစ်များမှ ဝင်ငွေရှာရန် တာဝန်ပေးရာတွင် စနစ်တကျနှင့် ကျိုးကြောင်းဆီလျော်မှုရှိစွာ စဉ်းစားရန် ပိုမိုလိုအပ်သည်။ လိုင်စင် လေလံစနစ်များ[၁၄] သည် စီးပွားရေးဆိုင်ရာ အနောက်အယှက်များဖြစ်လာနိုင်ပြီး၊ ၎င်းတို့မှာ မြို့ပြနှင့် ကျေးလက်ရှိ စားသုံးသူများကိုပါ သက်ရောက်ကောက်ခံမှုများ ရှိသော်လည်း၊ စည်ပင်အဖွဲ့များသည် မြို့ပြအိမ်ထောင်စုများအတွက်သာ ဝန်ဆောင်မှု ပေးနေခြင်းမှာ မျှတမှုမရှိပေ။

ကာလလတ်တွင် ပြည်ထောင်စုအဆင့်အောက် (ပြည်နယ်၊ တိုင်းဒေသကြီး) ဒေသန္တရဝင်ငွေရှာဖွေရန် စည်ပင်အဖွဲ့များထံမှ အခွန်ကောက်ခွင့်အချို့အား ပြန်လည်ရုတ်သိမ်းရန် စဉ်းစားသင့်သည်။ ဤအချက်သည် စည်ပင်သာယာရေးအဖွဲ့များအတွက်မူ ဝင်ငွေများ လျော့နည်းစေနိုင်သည်။ ကာလလတ်တွင်ထပ်မံလုပ်ဆောင်သင့်သည့် အခြားအချက်မှာ - ပြည်ထောင်စုအဆင့်အောက် အစိုးရများ၏ အရ/အသုံး ဘဏ္ဍာငွေမူဘောင် (Fiscal Frameworks) တစ်ခုလုံး (ဝင်ငွေ၊ အသုံးစရိတ်ခွဲဝေမှုများနှင့် အစိုးရအချင်းချင်းကြား ငွေကြေးလွှဲပြောင်းမှုများ အပါအဝင်) ကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။

**စည်ပင်အဖွဲ့ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်း - မဟာဗျူဟာမြောက်ရှုထောင့်များနှင့် နှစ်အလိုက်စီမံကိန်း/ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို တိုးတက်လာစေခြင်း** - လက်ငင်းလုပ်ဆောင်ရန်မှာ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုအဆင့်အောက် စီမံကိန်းရေးဆွဲသည့်ဌာနများ[၁၅] နှင့် စည်ပင်အဖွဲ့/စည်ပင်ဌာနများသည် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။ မြို့ပြစီမံကိန်းရေးဆွဲခြင်းများအတွက် စည်ပင်အဖွဲ့များနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတို့၏ အခန်းကဏ္ဍများကို ပိုမိုရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန် လိုအပ်သည်။ ထို့ပြင် ရေတိုအနေဖြင့် သက်ဆိုင်ရာမြို့ပြဒေသများအတွက် ရေရှည်အမြင်ရှိသော စီမံကိန်းများ ရေးဆွဲနိုင်ရန် စည်ပင်အဖွဲ့များအား လိုအပ်သည့်နည်းလမ်းများ၊ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းများ ပြုလုပ်ပေးရမည်ဖြစ်သည်။ အသုံးဝင်သောနည်းလမ်းတစ်ခုမှာ စည်ပင်အဖွဲ့များအား (၃) နှစ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတစ်ခု ရေးဆွဲစေခြင်းဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာစေကာ နှစ်အလိုက်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ထိန်းကျောင်းလမ်းညွှန်သွားနိုင်သည်။

**စည်ပင်အဖွဲ့ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်း - ပူးပေါင်းပါဝင်မှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့ အားကောင်းလာစေခြင်း** - ရေတိုကာလတွင် ပြည်သူလူထုပါဝင်နိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုကို ထူထောင်ရန် စည်ပင်အဖွဲ့/စည်ပင်ဌာနများကို အားပေးသင့်သည်။ ဤသို့ဆောင်ရွက်ရာတွင် ရပ်ရွာလူထုနှင့် တိုင်ပင်အကြံယူမှုများ၊ ချိတ်ဆက်ပါဝင်စေခြင်းများကို အလွတ်သဘော၊ ယာယီဆန်ဆန် လုပ်ဆောင်နေခြင်းထက်စာလျှင် ရပ်ကွက်ဖွံ့ဖြိုးရေးကော်မတီများမှတဆင့် လုပ်ဆောင်နိုင်သည်။ ရေရှည်အနေဖြင့်မူ မြို့နယ် စည်ပင်သာယာရေးကော်မတီများ၏ အဖွဲ့ဝင်များကို ရွေးချယ်သည့်နည်းလမ်းနှင့် ၎င်းတို့၏ အခန်းကဏ္ဍများကို ပြန်လည်စဉ်းစားရန်လိုအပ်သည်။ အကယ်၍ မြို့နယ် စည်ပင်သာယာရေးကော်မတီများအနေဖြင့် စည်ပင်အဖွဲ့ ပုံမှန်လုပ်ငန်းစဉ်များတွင် ပါဝင်မှုကို လျှော့ချပြီး၊ စီမံကိန်း၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်သည့်ကိစ္စများ၌ စောင့်ကြည့်၊ ကြီးကြပ်ရန်ကိုသာ အာရုံစိုက်ထားမည်ဆိုပါက ပို၍ သင့်တော်ထိရောက်မှု ရှိမည်ဖြစ်သည်။

**စည်ပင်အဖွဲ့ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်း - မြို့ပြဖွံ့ဖြိုးတိုးတက်မှု ရှုထောင့်များ** - ကာလတိုနှင့်ကာလလတ် အနေအထားတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် လူမှုစီးပွားကဏ္ဍတစ်ခုလုံး တိုးတက်မှုအတွက် နိုင်ငံ၏ ဒုတိယမြို့တော်များ၊ မြို့ကြီးများ၏ အခန်းကဏ္ဍများနှင့် မြို့ပြဒေသများ၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များကို လေးလေးနက်နက် ပိုမိုတွေးခေါ် စဉ်းစားကြရန် လိုအပ်ပါသည်။

**စည်ပင်အဖွဲ့များ၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် ပိုမိုကျယ်ပြန့်သည့် အဖွဲ့အစည်း မူဘောင်များ**

**ကာလလတ်နှင့်ကာလရှည်အကြံပြုချက်တစ်ခုမှာ** - ပြည်ထောင်စု/ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဒေသန္တရအုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေး၊ စီမံခန့်ခွဲမှုတို့နှင့်ပတ်သတ်ပြီး ထိရောက်သော မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ရန်လိုအပ်ပါသည်။ ယခုအချိန်တွင် စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များမှာ ဗဟိုချုပ်ကိုင်မှုပိုများသော အစိုးရနှင့် စည်ပင်သာယာရေးအစိုးရကြားတွင် ရောက်နေသော တစ်ဝက်တစ်ပျက် ပုံစံတစ်ခုကဲ့သို့ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ အနှစ်သာရအားဖြင့် လက်ရှိလုပ်ကိုင်နေသော စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုတစ်ခု ဖြစ်သည်။ ၎င်းအနေအထားတွင် မဖြေရှင်းနိုင်သေးသော ဆန့်ကျင်ဘက်အမြင်များနှင့် တင်းမာမှုလည်း ရှိနေသည်။

ထပ်မံ၍ ဖွံ့ဖြိုးရေးဆိုင်ရာမိတ်ဖက်များအနေဖြင့် စည်ပင်သာယာရေးနှင့် မြို့ပြအုပ်ချုပ်ရေးအပေါ် အထူးအာရုံစိုက်ခြင်းနှင့်အတူ ဤကဲ့သို့

[၁၄] Bissinger (2016) အားဖတ်ရှုပါ။

[၁၅] ၎င်းဌာနများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဌာနများ၊ ကဏ္ဍအလိုက်ဝန်ကြီးဌာနများနှင့် အိုးအိမ်နှင့်မြို့ပြဖွံ့ဖြိုးရေးဌာနများ ပါဝင်သည်။

ကြီးမားသည့် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ၄င်းကိစ္စရပ်များအားလုံးကို စဉ်းစားသုံးသပ်ကာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား အကူအညီများပေးနိုင်မည်ဖြစ်သည်။ စည်ပင်သာယာရေး အုပ်ချုပ်ရေးအကြောင်း စဉ်းစားခြင်းမှာ ကောင်းမွန်သော အစပြုမှုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြဝန်ဆောင်မှုများကို ပြည်နယ်/တိုင်းဒေသကြီး၏ တာဝန်အဖြစ် ရှုမြင်ပြီးဖြစ်ရုံသာမက၊ မြို့ပြဆိုင်ရာ ပြည်သူ့လိုအပ်ချက်နှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင် စည်ပင်သာယာရေးအဖွဲ့များမှ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် အနေအထားရှိသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးကိစ္စရပ်များအား မည်သို့ကိုင်တွယ်မည်ဆိုသည့်အချက်သည် ရှင်းရှင်းလင်းလင်းရှိလာသည်နှင့် တပြိုင်နက် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် (ဒေသန္တရစီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် လိုအပ်သော လုပ်ငန်းစဉ်မူဘောင်တစ်ခုကဲ့သို့) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ထိထိရောက်ရောက်လုပ်နိုင်ရန် လေးနက်စွာ စဉ်းစားကြရပါလိမ့်မည်။ မြို့ပြဧရိယာများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ သီးသန့်ကိစ္စရပ်များတွင်မူ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပတ်သက်၍ လုပ်ဆောင်ရန် အလွန်လိုအပ်လှပါသည်။

လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ရှင်းလင်းစေရန် ဆောင်ရွက်ပြီးပါက၊ ရငွေ(ဝင်ငွေ) လျာထား သတ်မှတ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် မသင့်လျော်နိုင်သော (သို့မဟုတ် အခြားသော နိုင်ငံတော်အဆင့်အောက် (ဒေသန္တရအဆင့်) အာဏာပိုင်များသို့ တာဝန်ပေးထားပါက ပိုမိုကောင်းမွန်လိမ့်မည်ဖြစ်သည့်) ရငွေ(ဝင်ငွေ)အပေါ် မှီခိုနေရသည်။ ပြန်လည်ဆန်းစစ်မှုများအရ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် အစိုးရအဖွဲ့အတွင်း ဘဏ္ဍာငွေလွှဲပြောင်းမှုများအား ပြန်လည်သုံးသပ်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် မြို့ပြအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား ဘဏ္ဍာငွေထောက်ပံ့ရန်အတွက် ချေးငွေရယူခြင်းအား မည်ကဲ့သို့ အသုံးပြုနိုင်မည်နည်းဆိုသည့် စဉ်းစားချက်များ ရရှိရန် လိုအပ်လိမ့်မည်ဖြစ်သည်။ အချုပ်ဆိုရသော် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်သော အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုလုံးအပေါ် အသေးစိတ်၊ ပြန်လည်စဉ်းစားမှုများအား ပြုလုပ် အကောင်အထည်ဖော်ရန် အကြံပြု၊ တင်ပြလိုက်ရပါသည်။

## အပိုင်းခုနစ်။ ။ အရေးကြီးသော အဓိကမေးခွန်းများနှင့် နောက်ဆက်တွဲဖတ်ရှုရန်

### ဆွေးနွေးရမည့်အမေးပုစ္ဆာများ

- လက်ရှိ စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များ၏ အခန်းကဏ္ဍမှာ အနာဂါတ်ကာလတွင် မြန်မာနိုင်ငံ၏ မြို့ပြဒေရိယာများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သင့်လျော်သောအခန်းကဏ္ဍတွင် ပါဝင်နေပါသလား?

- မြို့ပြ ဒေသန္တရအစိုးရတစ်ရပ် ပေါ်ပေါက်စေရန်အတွက် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးသားဖော်ပြထားမှုများ ရှိပါသလား? ရှိခဲ့လျှင်၊ ၎င်းအုပ်ချုပ်မှုစနစ်ပုံစံအား တိုးတက်ဖွံ့ဖြိုးလာစေရန် ဘယ်လိုလုပ်သင့်ပါသလဲ?

- ရန်ကုန်၊ မန္တလေး၊ နေပြည်တော်များရှိ မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ အတွေ့အကြုံများအား အခြေခံပြီး၊ အခြားမြို့နှင့် မြို့ငယ်များ၏ မြို့ပြအုပ်ချုပ်မှုတိုးတက်လာစေရန် မည်သည့်သင်ခန်းစာများကို ရယူနိုင်သနည်း?

- မြန်မာနိုင်ငံ မြို့ပြများ ထွန်းကားလာခြင်းနှင့်အတူ မြို့ရွာများအတွက် မည်သည့်ဝန်ဆောင်မှုများပေးရန် လိုအပ်သနည်း? ၎င်း ဝန်ဆောင်မှုများအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ရန်ပုံငွေရှာဖွေခြင်းတို့အား မည်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်သင့်သနည်း?

### ဆက်လက်လေ့လာဖတ်ရှုရန်


- Aung Myat Kyaw. *Study on Myanmar Democratic Local Organizations and Laws*. Yangon: Win Win Kyaw Press, 2013.

- Ba Khin. *Gradual Development of Development Affairs Laws & Articles on Development Affairs Works.* Yangon: Taot Taot Win Offset, 2009.

- Ba U. *Myanmar Administration*. Edited by Ashin Nanda Marlar. Yangon: Pyin Sa Gan Publishing, 2011.

- Bissinger, Jared, and Lynn Maung Maung. *Subnational Governments and Business in Myanmar,* Discussion Paper No. 2. Yangon: MDRI-CESD and The Asia Foundation, 2014.

- Dickenson-Jones, Giles, S. Kanay De, and Andrea Smurra. *State and Region Public Finances in Myanmar*. Yangon: MDRI-CESD and The Asia Foundation, 2015.

- Kyi Pyar Chit Saw and Matthew Arnold. *Administering the State in Myanmar: An overview of the General Administration Department.* Yangon: MDRI-CESD and The Asia Foundation, 2014.

- Nixon, Hamish, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn, and Matthew Arnold. *State and Region Governments in Myanmar*. Yangon: MDRI-CESD and The Asia Foundation, 2013.

- Robertson, Bart, and Cindy Joelene. *Local Development Funds in Myanmar*. Yangon: MDRI-CESD and The Asia Foundation, 2015.

- World Bank. *East Asia's Changing Urban Landscape: Measuring a Decade of Spatial Growth*. Washington DC: World Bank, 2015.

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar